# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။
(မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဓမ္မပဒ(ဓမ္မပဒ-၁၄၀)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့ | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ် (၀၅၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် H. E. Mr. Vinay Mohan Kwatra အား လက်ခံတွေ့ဆုံ

# မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာနှင့် ဆက်ဆံရေး ကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vinay Mohan Kwatra အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vinay Mohan Kwatra အား လက်ခံတွေ့ဆုံစဉ်။


**ယနေ့ *မာ တိ ကာ***

**ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်၊ လွယ်ကူအားထား မီးရထား(၁)**
ဆောင်းပါး စာ ၆

........................................

**အနုပညာအပေါ် ရှိန်းကန်ခဲ့ရတာတွေအတွက် အခုလိုဆုရတော့ ဝမ်းသာပါတယ်။ ရုပ်ရှင်၊ ဂီတ၊ သဘင်နဲ့ ပတ်သက်ပြီး ဘဝကို ရှိန်းကန်ကြိုးပမ်းခဲ့တဲ့သူတွေကို အသိအမှတ်ပြုပေးတာကို ကျေးဇူးတင်ပါတယ်**
တွေ့ဆုံမေးမြန်း စာ ၈


## ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၁

၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ MICC – 2 ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV Web & App နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်

မြန်မာ့အလင်း

# ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေး

ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာအနှံ့ ကူးစက်မှုစတင်သောအခါ ဦးဆုံးထိခိုက်ခံစားရသည့် စီးပွားရေးလုပ်ငန်းများတွင် ခရီးသွားလုပ်ငန်းက ထိပ်ဆုံးမှပါဝင်သည်။ ယခု ကိုဗစ်-၁၉ ကူးစက်မှုအရှိန်လျော့ကျလာပြီး နိုင်ငံအသီးသီးတို့၏ စီးပွားရေးယန္တရားများ ပြန်လည်မောင်းနှင်ကြရာတွင်လည်း ခရီးသွားလုပ်ငန်းများဖြင့် စတင်ကြပြီး အိမ်နီးချင်းနိုင်ငံနှင့် ဒေသတွင်း နိုင်ငံအချို့တို့ အရှိန်အဟုန်ရရှိနေကြပြီဖြစ်ကြောင်း သတင်းများတွင် တွေ့ရှိရသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ဂျီဒီပီအတွက် ဝန်ဆောင်မှုကဏ္ဍတွင်ပါဝင်ပြီး ဆက်စပ်ပါဝင်နေသည့် လုပ်ငန်းများစွာတို့ကိုလည်း ဖွံ့ဖြိုးတိုးတက်စေသည်။ ဒေသအလိုက်၊ ကဏ္ဍအလိုက် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖြစ်ထွန်းစေသည့်အတွက် ဝင်ငွေများလည်း ပိုမိုရရှိစေသည်။ မိမိတို့နိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော မတည်ငြိမ်မှုများ၊ အကြမ်းဖက်မှုများနှင့် လက်နက်ကိုင် ပဋိပက္ခများ စသည့်အကြောင်းများကြောင့် ခရီးသွားလုပ်ငန်းများ အထနှေးနေချိန်တွင် အိမ်နီးချင်းနိုင်ငံအချို့၌ ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ သန်းပေါင်း ထောင်နှင့်ချီ၍ ရရှိနေကြပြီဖြစ်သည်။

ခရီးသွားလုပ်ငန်းကဏ္ဍကြီးတစ်ခုလုံး လည်ပတ်နိုင်သည်နှင့်အမျှ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်း၊ အမှတ်တရပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အစရှိသည့်လုပ်ငန်းများ လည်ပတ်နိုင်ပြီး ယင်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သူများအတွက် ပုံမှန်ဝင်ငွေများ စီးဆင်းဝင်ရောက်လာနိုင်မည်ဖြစ်ရာ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ရှင်သန် ဖွံ့ဖြိုးရေးတို့ကို အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုမည်ဖြစ်သည်။

ယခုရက်ပိုင်း သတင်းတစ်ပုဒ်တွင် ချောင်းသာဒေသသို့ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် နှစ်သိန်းငါးသောင်းရှစ်ထောင်ကျော် ဝင်ရောက်ခဲ့ပြီး ငွေဆောင်ဒေသသို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် နှစ်သိန်းတစ်သောင်းခန့် ဝင်ရောက်ခဲ့ကြောင်း ဖော်ပြထားရာ မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းများအတွက် အလားအလာကောင်းများ ရှိနေသည်ကို မှန်းဆနိုင်သည်။ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးအတွက် ခရီးသည်များ ပိုမိုလာရောက်စေရန် ဆွဲဆောင်ရေး၊ ခရီးသွားလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများ ဖြည့်တင်းပေးရေး၊ ခရီးစဉ်ပုံစံအသစ်၊ ဒေသအသစ်များ ဖော်ဆောင်ရေး၊ ခရီးသွားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ရယူနိုင်ရေး၊ အွန်လိုင်းမှတစ်ဆင့် ခရီးသွားများအတွက် ဝန်ဆောင်မှုများပေးနိုင်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးသည်နှင့်အမျှ ခရီးသွားလုပ်ငန်းသည်လည်း အတိုင်းအတာတစ်ရပ်အထိ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် ကျော်ကြားသည့် နိုင်ငံများဖြစ်သကဲ့သို့ တရုတ်လူမျိုးနှင့် ထိုင်းလူမျိုးတို့ကိုယ်တိုင်ကလည်း ခရီးသွားသူများဖြစ်နေကြသည်။ ၂၀၁၈ ခုနှစ်တွင် ကမ္ဘာတစ်ခွင်ခရီးသွားသူဦးရေ သန်းပေါင်း ၁၃၁၂ ရှိသည့်အနက် တရုတ်လူမျိုး ၆၀ ဒသမ ၇ သန်းနှင့် ထိုင်းလူမျိုး ၃၅ ဒသမ ၄ သန်းတို့ ပါဝင်နေရာ အိမ်နီးချင်းခရီးသည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ရေး၊ ပြည်တွင်းခရီးသွားလာမှုများ ပိုမိုဖွံ့ဖြိုးလာရေးတို့မှစတင်၍ မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍတစ်ရပ်လုံး ပြန်လည်ရှင်သန်ဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြှင့်တင်နိုင်ပါစေကြောင်း။ ။

## တရားမ အထူးအယူခံမှု (၄) မှု ရုံးထိုင်ကြားနာ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ်၊ ၅၁/၂၀၂၀ (ရွှေဝတီ)၊ ၁၇/၂၀၂၁(ရန်ကုန်)၊ ၃၄/၂၀၂၂ (ရှမ်း)၊ ၃၅/၂၀၂၂ (ရှမ်း) စုစုပေါင်း တရားမ အထူးအယူခံမှု လေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးသန်းဆွေ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC)၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးသို့ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၂၁**



အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးသန်းဆွေ ခေါင်းဆောင်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယား အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ Vice-President YONN SINAT ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးသို့တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြောင်း သိရသည်။ **သတင်းစဉ်**

## မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ် ၅ ခု ရွေးချယ်မည်ဖြစ်ပါ၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် နှစ်ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ခ) ဆောင်ပုဒ် တစ်ခု ချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။
(ဂ) မြန်မာဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size- 12, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။
(ဃ) ပြိုင်ပွဲဝင်ဆောင်ပုဒ်များအား ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့အရောက် ပေးပို့ယှဉ်ပြိုင်ရမည်။
(င) ဆောင်ပုဒ်များကို Fax ၀၆၇၃ - ၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။
(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ နေရပ်လိပ်စာ ပြည့်စုံစွာပါရှိရမည်။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။




## မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## “ကုလားတန်မြစ်ကြောင်း စီမံကိန်းဆောင်ရွက်လျက်ရှိမှုနှင့် ပင်လယ်ရေကြောင်း တိုက်ရိုက်ကုန်သွယ်ရေးဆိုင်ရာ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုမြှင့်တင်ဆောင်ရွက်မည့် အခြေအနေများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင် နှစ်နိုင်ငံငွေကြေးများဖြစ်သည့် ရူပီးနှင့် ကျပ်ငွေတို့ကို တိုက်ရိုက်ပေးချေနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး”

❁ *ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကာကွယ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စိုက်ပျိုးရေးနည်းပညာများ မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုလားတန်မြစ်ကြောင်းစီမံကိန်း ဆောင်ရွက်လျက်ရှိမှုနှင့် ပင်လယ်ရေကြောင်း တိုက်ရိုက်ကုန်သွယ်ရေးဆိုင်ရာ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုမြှင့်တင် ဆောင်ရွက်မည့်အခြေအနေများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင် နှစ်နိုင်ငံငွေကြေးများဖြစ်သည့် ရူပီးနှင့်ကျပ်ငွေတို့ကို တိုက်ရိုက်ပေးချေနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့မှုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်အား ထမ်းဆောင်ခဲ့ရမှုနှင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာနှင့် ဆက်ဆံရေးကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vinay Mohan Kwatra တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Shri Saurabh Kumar တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vinay Mohan Kwatra တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရေး ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ဗီနေး မိုဟန် ကွာထရာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ နံနက် ၁၁ နာရီတွင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ဗီနေး မိုဟန် ကွာထရာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ကုလသမဂ္ဂနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အပါအဝင် ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး အိန္ဒိယ နိုင်ငံခြားရေးအတွင်းဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဗီနေးကူးမား၊ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန် ရှရီမတီ စမီတာပန့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ဗီနေးမိုဟန်ကွာထရာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ဗီနေးမိုဟန်ကွာထရာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ် (၄၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ဗီနေးမိုဟန်ကွာထရာတို့သည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တရုတ်-အိန္ဒိယ သမုဒ္ဒရာဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပသည့် တရုတ်-အိန္ဒိယ သမုဒ္ဒရာဒေသ ဖွံ့ဖြိုးတိုးတက်ရေး နှင့်ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် သို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။**(ယာပုံ)**



**ပါဝင်တက်ရောက်**

အဆိုပါ ဖိုရမ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ ဥက္ကဋ္ဌ Mr. Luo Zhaohui က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ယူနန်ပြည်နယ် ပြည်သူ့အစိုးရ၏ အုပ်ချုပ်ရေးမှူး Mr. Wang Yubo က ဒုတိယ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ဖိုရမ်ကို “Development for All, Theories and Practices from the Perspective of Blue Economy” ခေါင်းစဉ်ဖြင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အလားအလာနှင့် စိန်ခေါ်မှုများအပိုင်းနှင့် အဏ္ဏဝါစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပိုင်းဟူ၍ အပိုင်း (၂)ပိုင်းခွဲ၍ ကျင်းပခဲ့ပြီး ဖိုရမ်သို့ နိုင်ငံပေါင်း ၂၀ နှင့် Think Tank အဖွဲ့အစည်းများမှ သမ္မတဟောင်း၊ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသူများနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

**အကျိုးကျေးဇူးများဖြစ်ထွန်း**

ဖိုရမ်၏ ပထမပိုင်းတွင် ကြိုတင် ရိုက်ကူးထားသော ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၏ ဗီဒီယိုမိန့်ခွန်းကို ဖွင့်လှစ်ပြသသည်။ ပြည်ထောင်စုဝန်ကြီး၏ မိန့်ခွန်းတွင် ဖိုရမ်ဖြစ်မြောက်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည့် တရုတ် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့အား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုဖိုရမ်ကို တရုတ်-အိန္ဒိယသမုဒ္ဒရာဒေသရှိ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အဆင့်မြှင့်မားလာစေရေး ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ အဏ္ဏဝါစီးပွားရေး၊ ခရီးသွားလာရေးနှင့် ပညာရေး ကဏ္ဍများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ရန်အတွက် ရည်ရွယ် ဖော်ဆောင်ပေးသည့် စင်္ကြံတစ်ခုအဖြစ် ရှုမြင်ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရန် သက်ဆိုင်ရာနယ်ပယ်များတွင် အလားအလာရှိသည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအခွင့်အလမ်းများ ရှာဖွေနိုင်ရန်အတွက် တရုတ်နိုင်ငံနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဏ္ဏဝါစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရန် ပြည်တွင်း ပြည်ပမှ ဖြစ်နိုင်ခြေရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဦးစားပေးနယ်ပယ်များကို ရှာဖွေရန်အတွက် အားပေးဆောင်ရွက်နေကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်တက်ရောက်လာသည့် နိုင်ငံများ၏ ပင်လယ်သမုဒ္ဒရာအုပ်ချုပ်မှုဆိုင်ရာနှင့် အဏ္ဏဝါစီးပွားရေး၌ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဆိုင်ရာဖွံ့ဖြိုးမှုတို့နှင့် ပတ်သက်သော နည်းပညာဆိုင်ရာ အထောက်အပံ့နှင့် အကူအညီများကို ကြိုဆိုကြောင်း၊ သို့မှသာ မြန်မာနိုင်ငံ၌ ခေတ်မီသော အဏ္ဏဝါစီးပွားရေး မူဝါဒများကို ချမှတ်နိုင်ပြီး ပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူသားများအတွက် များစွာသော အကျိုးကျေးဇူးများ ဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

**အချင်းချင်းချိတ်ဆက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် စီးပွားရေးကျပ်တည်းမှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးရွားသော အကျိုးသက်ရောက်မှုများကို လျော့နည်းစေရန် အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားလိုမှုကို ဖော်ပြလျက် သမုဒ္ဒရာအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ရှေ့တိုးဆောင်ရွက်သွားနိုင်ရေး၊ အချင်းချင်းချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုလွယ်ကူစေရေး၊ သဘောတူချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများနှင့် အညီ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားနိုင်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ လျော့နည်းစေရေးစသည့်ကိစ္စရပ်များပေါ်တွင် ဖိုရမ်သို့ ပါဝင်တက်ရောက်လာသည့် နိုင်ငံများနှင့် အတူတကွ လက်တွဲလုပ်ဆောင်ခြင်းဖြင့် အဏ္ဏဝါစီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို လျော့နည်းစေပြီး မိတ်ဖက်ဆက်ဆံရေးကို ခိုင်မာမှုရှိစေရန် တိုက်တွန်းလိုကြောင်းဖြင့် နိဂုံးချုပ်ပြောကြားသည်။

**အမှာစကားများပြောကြား**

ဆက်လက်၍ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အဏ္ဏဝါစီးပွားရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ၊ ၂၀၃၀ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် အကောင်အထည်ဖော်မှုပေါ်တွင် အထောက်အပံ့ပေးနိုင်သည့် အဏ္ဏဝါဂေဟစနစ်နှင့် ဇီဝမျိုးကွဲများ ကာကွယ်ခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ၎င်းတို့နိုင်ငံများအလိုက် အဏ္ဏဝါစီးပွားရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုများတွင် ကြိုးပမ်းအားထုတ် ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ မိန့်ခွန်းများ၊ အမှာစကားများ ပြောကြားခဲ့ကြသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှု၊ အဏ္ဏဝါဇီဝမျိုးကွဲဆုံးရှုံးမှုများနှင့် အဏ္ဏဝါရေထုညစ်ညမ်းမှုများပေါ်တွင် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကိုလည်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

**ဆွေးနွေးတင်ပြ**

ဖိုရမ်၏ ဒုတိယပိုင်း၌ ပါဝင်တက်ရောက်သူများက ရေနေသတ္တဝါများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စသည့်အဏ္ဏဝါရင်းမြစ်များကို ရေရှည်တည်တံ့စေရေး ကာကွယ်ရန် နည်းလမ်းများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ချဉ်းကပ်ဆောင်ရွက်မှုများ၊ ခရီးသွားလာရေးကဏ္ဍမြှင့်တင်ရေး၊ မူဝါဒပိုင်းဆိုင်ရာ ညှိနှိုင်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်တုံ့ပြန်ခြင်းဆိုင်ရာလုပ်ငန်းများကိုမြှင့်တင်ဆောင်ရွက်ရေးနှင့် သမုဒ္ဒရာကို အခြေခံသော စီးပွားရေးမှ အကျိုးအမြတ်များရရှိစေရန် နိုင်ငံများအလိုက် စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့်နည်းလမ်းများ အပါအဝင် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအပေါ် ချဉ်းကပ်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍လည်း ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများလည်း တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

**လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်**

**နေပြည်တော် နိုဝင်ဘာ ၂၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသော ဝန်ထမ်းများအား မိသားစုသဖွယ် အသိအမှတ်ပြုသော အားဖြင့် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ဂုဏ်ပြု နေ့လယ်စာစားပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်မှုမှာ အဆင့်အလိုက် ဝန်ထမ်းအားလုံး၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့် ဖြစ်ပါကြောင်း၊ ဝန်ထမ်းအားလုံးက ပေးအပ်သော တာဝန်များကို တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူအတွက် ဝန်ထမ်းအားလုံးက မိမိတို့လုပ်ငန်းတာဝန်များကို ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထိုနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှုထမ်း၊ အရာထမ်းများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။

နေ့လယ်စာသုံးဆောင်နေစဉ်အတွင်း ဝါသနာရှင်ဝန်ထမ်းများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဝန်ထမ်းများသည် ကံစမ်းကစားနည်းများကို ပျော်ရွှင်စွာ ကစားခဲ့ကြပြီး ဆုမဲများ ရယူခဲ့ကြသည်။

သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှုထမ်း၊ အရာထမ်းများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ကြစဉ်။

# မြန်မာနိုင်ငံအစိုးရမှ သီရိလင်္ကာနိုင်ငံအစိုးရသို့ လှူဒါန်းသည့် ဆေးနှင့် ဆေးပစ္စည်းများ လွှဲပြောင်းပေးအပ်

## ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှပူးပေါင်းလှူဒါန်းခြင်းဖြစ်ပြီး တန်ဖိုးငွေအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ သန်းကျော် တန်ဖိုးရှိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတ နိုင်ငံအစိုးရသို့ လှူဒါန်းသည့် ဆေးနှင့်ဆေးပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. J.M.J.P Bandara ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ သန်းကျော်တန်ဖိုးရှိ အိမ်သုံးဆေးဝါးများ၊ ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ၊ ပဋိဇီဝဆေးများ၊ နာတာရှည်ရောဂါဆိုင်ရာ ဆေးဝါးများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ လှူဒါန်းရသည့် အကြောင်းရင်းအား ရှင်းလင်းပြောကြားရာတွင် ဆေးနှင့် ဆေးပစ္စည်းများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား သီရိလင်္ကာနိုင်ငံအစိုးရနှင့် ပြည်သူများသို့ လှူဒါန်းရသည့်အတွက် ဝမ်းမြောက် မိပါကြောင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက်တွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀ ကို လွှဲပြောင်းလှူဒါန်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် တူညီသော ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုဓလေ့များဖြင့် ရေးယခင်ကာလကတည်းကပင် ရင်းနှီးချစ်ကြည်မှု ရှိခဲ့ကြပါကြောင်း၊ ယနေ့လှူဒါန်းမှုများသည် ယင်းချစ်ကြည်ရင်းနှီးမှုများနှင့် နှစ်နိုင်ငံမိတ်ကောင်းဆွေကောင်းရှိမှု၊ မိတ်ဆွေပီသမှုအား မီးမောင်းထိုးပြလျက်ရှိပြီး မိတ်ဆွေနိုင်ငံအခက်အခဲဖြစ်ပေါ်နေချိန်၌ “Sharing is caring” (“မျှဝေခြင်းသည် ဂရုစိုက်ခြင်း ဖြစ်သည်”) ဆိုသည့် စကားနှင့်အညီ မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ သီရိလင်္ကာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စီးပွားရေး၊ လူမှုရေးဘက်စုံပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်းနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာသီရိလင်္ကာသံအမတ်ကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံမှ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းသည့်အတွက် သီရိလင်္ကာနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ သီရိလင်္ကာနိုင်ငံသည် မမျှော်လင့်သည့် စီးပွားရေးစိန်ခေါ်မှုများ ကြုံတွေ့နေရသည့်အချိန်တွင် အစိုးရအနေဖြင့် ပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့ကို အဓိကထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကူညီမှုများသည် မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် ကူညီမှုများ မဟုတ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် သီရိလင်္ကာနိုင်ငံတွင် ရေဘေးကြုံတွေ့ရသည့်အချိန်တွင် မြန်မာနိုင်ငံမှ ဆန်တန်ချိန် တန် ၃၀၀ လှူဒါန်းပေးခဲ့ပါကြောင်း၊ ယခုနှစ် စက်တင်ဘာ ၂ ရက်ကလည်း ဆန်တန်ချိန် ၁၀၀၀ လှူဒါန်းပေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ ကူညီထောက်ပံ့ပေးမှုများသည် သီရိလင်္ကာနိုင်ငံ၏ ခက်ခဲသည့်အချိန်များတွင် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်းနိုင်ငံပီသမှု၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများကို အလေးထားကြောင်း ပြသရာရောက်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာ၏ အဆုံးအမများကိုအခြေခံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမှာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယခုနှစ်တွင် မြန်မာ-သီရိလင်္ကာ သံတမန်ဆက်ဆံရေးမှာ (၇၃)နှစ်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ဆက်လက်ပြီးလည်း ချစ်ကြည်ရင်းနှီးစွာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့လှူဒါန်းမှုများအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။




ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက လှူဒါန်းပစ္စည်းများနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို သီရိလင်္ကာသံအမတ်ကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး**(အပေါ်ဝဲပုံ)** သီရိလင်္ကာသံအမတ်ကြီးက ကျေးဇူးတင်ဂုဏ်ပြုလွှာကို ပြည်ထောင်စုဝန်ကြီးထံ ပြန်လည်ပေးအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် သီရိလင်္ကာနိုင်ငံသို့ ယနေ့လှူဒါန်းသည့် ဆေးဝါးနှင့်ဆေးပစ္စည်းများသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ပူးပေါင်းလှူဒါန်းခြင်းဖြစ်ပြီး တန်ဖိုးငွေအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ သန်းကျော် တန်ဖိုးရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်၊ လွယ်ကူအားထား မီးရထား(၁)

**အောင်ကျော်သက်(ရွှေတာမြေ)**

မြန်မာ့မီးရထားအနေဖြင့် ယခုနှစ် မေလ ၁ ရက်နေ့က သက်တမ်း ၁၄၅ နှစ်ဆိုသည့် ဘူတာစဉ်အမှတ်ကို ဖြတ်ကျော်ခုတ်မောင်းခဲ့ပြီဖြစ်သည်။ မြန်မာ့မီးရထားပေါ်ပေါက်လာပုံ သမိုင်းအကျဉ်းပြန်ပြောင်းကြည့်ရလျှင် ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့တို့အနေဖြင့် မြန်မာနိုင်ငံကို ဒုတိယအကြိမ်ကျူးကျော်သိမ်းပိုက်ပြီးနောက် အောက်မြန်မာပြည်၏ လမ်းပန်းဆက်သွယ်ရေးမှာ လူသွားလမ်း၊ လှည်းလမ်းကြောင်းများနှင့် မြစ်ချောင်းတို့တွင် လှေသမ္ဗန်များဖြင့်သာ ဆက်သွယ်သွားလာလျက်ရှိခြင်း၊ ၁၈၆၉ ခုနှစ်တွင် စူးအက်တူးမြောင်းဖွင့်လှစ်ပြီးနောက် အဓိကဒေသထွက်ကုန်ဖြစ်သည့် ဆန်နှင့်အခြားပို့ကုန်များ တင်ပို့မှုတိုးတက်လာခြင်းနှင့် အထက်မြန်မာပြည်ကို အုပ်ချုပ်လျက်ရှိသည့် မြန်မာဘုရင်က စစ်တုံ့ပြန်သည့်အခါ ၎င်းတို့၏ ဗြိတိသျှစစ်တပ်နှင့် စစ်လက်နက်ပစ္စည်းများကို အလျင်အမြန် ရွှေ့ပြောင်းပို့ဆောင်နိုင်ရန်တို့အတွက် ရထားလမ်းဖောက်လုပ်ရန် သုံးသပ်လာကြသည်။

ထို့ကြောင့် အိန္ဒိယ ဘုရင်ခံအနေဖြင့် ရန်ကုန်မှ ပြည်မြို့သို့ ရထားလမ်းဖောက်လုပ်ရန် အာရုံစိုက်လာပြီး ၁၈၆၈ ခုနှစ်တွင် အောက်မြန်မာပြည်၏ မဟာမင်းကြီးဖြစ်သူ ‘ဆာအက်ရှ် လေအီဒင်’ (Sir Ashley Eden)က ရန်ကုန်-ပြည် မီးရထားလမ်းအတွက် ကုန်ကျစရိတ်ကို တွက်ချက်၍ အိန္ဒိယအစိုးရထံသို့ တင်ပြခဲ့ရာ ၁၈၇၄ ခုနှစ် စက်တင်ဘာလတွင် အထူးပြည်သူ့လုပ်ငန်းတစ်ရပ် အနေဖြင့် ချက်ချင်း အကောင်အထည်ဖော်ရန် ခွင့်ပြုပေးခဲ့သည်။ ထိုခွင့်ပြုချက်အရ မီးရထားလမ်းအရှည် ၁၆၁ မိုင် ရှည်လျားသည့် ရန်ကုန်-ပြည် မီးရထားလမ်းကို ဖောက်လုပ်ခဲ့ရာ ၁၈၇၇ ခုနှစ်တွင် ပြီးစီးခဲ့သည်။




၂၇-၅-၂၀၂၂ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ (အင်းစိန်)၌ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်ဘူတာကြီး၌ ပထမဆုံးမီးရထားပြေးဆွဲမှုဖွင့်လှစ်ပွဲပြုလုပ်၍ ‘ရန်ကုန်နှင့် ဧရာဝတီမြစ်ဝှမ်း အစိုးရမီးရထား’ (The Rangoon and Arrawaddy Valley State Railway) အမည်ဖြင့် စတင်ပြေးဆွဲဖွင့်လှစ်ခဲ့သည်။ ပထမဆုံး စတင်ပြေးဆွဲခဲ့သည့် မီးရထားစက်ခေါင်းမှာ အလျား ၂၂ ပေ ၁ လက်မ၊ အမြင့် ၁၀ ပေ ၃ လက်မ၊ ဆွဲအား ၃၈၅၇ ပေါင်နှင့် အလေးချိန် ၁၇ ဒသမ ၆၅ တန်ရှိသည့် အေဇီးရိုးဝမ်း (A 01) စက်ခေါင်းဖြစ်သည်။ ၎င်းရထားတွင် တွဲပေါင်း ၁၂ တွဲပါဝင်ပြီး ပထမတန်းတွဲ၌ မင်းကြီးမစ္စတာရိဖာသွန်မဆင်နှင့် အထူးဧည့်သည်တော်များ စီးနင်းလိုက်ပါခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာ့မီးရထားပြေးဆွဲမှု သမိုင်းမှတ်တိုင်သည် ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် စတင်ခဲ့လေသည်။ မြန်မာ့မီးရထားလုပ်ငန်းသည် အင်္ဂလန်နိုင်ငံ၌ ကမ္ဘာ့ပထမဆုံး ပြေးဆွဲခဲ့သည့် မီးရထားထက် ၅၂ နှစ်၊ အိန္ဒိယနိုင်ငံ၌ ပြေးဆွဲခဲ့သည့် မီးရထားထက် ၂၄ နှစ် နောက်ကျပေါ်ပေါက်ခဲ့ပြီး အရှေ့တောင်အာရှ နိုင်ငံများထဲတွင် ပထမဦးဆုံး ပြေးဆွဲနိုင်ခဲ့သည့်အတွက် သက်တမ်းအရင့်ဆုံး ရထားပြေးဆွဲမှုလုပ်ငန်းတစ်ခုလည်း ဖြစ်သည်။

ဒုတိယကမ္ဘာစစ် မတိုင်မီအထိ ကမ္ဘာ့နိုင်ငံများ၏ သယ်ယူပို့ဆောင်ရေးစနစ်သည် မီးရထားသယ်ယူပို့ဆောင်ရေးစနစ်အပေါ်တွင်သာ အဓိက မှီခိုခဲ့ကြရသည်။ နောက်ပိုင်းတွင် မော်တော်ကားများ ပိုမိုတိုးတက်ထုတ်လုပ်လာခဲ့ကြပြီး မော်တော်ကားများကို ကိုယ်ပိုင်သုံးရန် ဝယ်ယူနိုင်သည်အထိ တစ်ဦးချင်းဝင်ငွေမြင့်မားလာခဲ့ကြသဖြင့် မီးရထားဖြင့်သွားလာပို့ဆောင်ရေးထက် မော်တော်ကားများဖြင့် သယ်ယူပို့ဆောင်ခြင်းများကို အားထားလာခဲ့ကြသည်။ ထို့ပြင် မော်တော်ကားဖြင့် သယ်ယူပို့ဆောင်ခြင်း နည်းလမ်း၏ အဓိကအားသာချက်မှာ Door to Door စနစ်ကြောင့် မော်တော်ကားများကို ပိုမိုတွင်ကျယ်စွာ အသုံးပြုလာကြခြင်းလည်း ဖြစ်သည်။ ဆိုလိုသည်မှာ ခရီးသွားပြည်သူတစ်ဦးအနေဖြင့် နေအိမ်မှ ၎င်းပြည်သူသွားလာလိုသည့်နေရာအထိ မော်တော်ကားများဖြင့် တစ်ဆက်တည်း သွားလာနိုင်သကဲ့သို့ ကုန်စည်ပို့ဆောင်ရေးတွင်လည်း စက်ရုံ/အလုပ်ရုံမှ ဈေးကွက်ထဲအထိ အရောက်ပို့ဆောင်ပေးနိုင်ခြင်းကြောင့် မော်တော်ကားဖြင့် သယ်ယူပို့ဆောင်ခြင်းနည်းလမ်းမှာ ပိုမိုတွင်ကျယ်လာခဲ့သည်။

သို့ရာတွင် မော်တော်ကားများကို အသုံးပြု၍ သွားလာပို့ဆောင်ခြင်းသည် ကောင်းကျိုးရှိသကဲ့သို့ ဆိုးကျိုးများလည်း ရှိနေသည်။ အိမ်ရှေ့မျက်နှာစာပေါ်တီကိုသို့ အရောက်ပို့ဆောင်နိုင်သော မော်တော်ကားသည်လည်း စီးနင်းလိုက်ပါနိုင်သည့် လူဦးရေ၊ တင်ဆောင်နိုင်သည့် ကုန်စည်များ၏ အလေးချိန်တို့တွင် ကန့်သတ်ချက်များရှိနေခြင်း၊ ယာဉ်ကြော ကျပ်တည်းခြင်းကြောင့် ယာဉ်ပေါ်လိုက်ပါလာသူ တစ်ဦးချင်းစီ၏ အချိန်နှင့် လုပ်အားဆုံးရှုံးခြင်း၊ သွားလာချိန် ကြာမြင့်သည်နှင့်အမျှ စက်သုံးဆီသုံးစွဲမှုကို မြင့်တက်စေပြီး ပို့ဆောင်ရေးစရိတ် မြင့်တက်ခြင်းနှင့်အတူ ကုန်စည်များ၏ ဈေးနှုန်းအပေါ် သက်ရောက်သဖြင့် ကုန်ဈေးနှုန်းများ ကြီးမြင့်လာခြင်း၊ လောင်စာဆီလောင်ကျွမ်းမှုမှတစ်ဆင့် ထွက်ရှိလာသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကြောင့် လေထုညစ်ညမ်းမှုကို ဆိုးရွားစွာဖြစ်ပေါ်စေပြီး မြို့ပြနေလူထု၏ ကျန်းမာရေးအရည်အသွေး နိမ့်ကျလာခြင်း၊ ထိုမှတစ်ဆင့် ရာသီဥတုများ ဖောက်ပြန် ပြောင်းလဲလာခြင်းနှင့် ထုတ်ကုန်အမြောက်အမြားကို သယ်ယူပို့ဆောင်ခြင်းတွင် ကားအစီးရေ အများအပြားအသုံးပြုရခြင်းအတွက် ငွေကုန်ကြေးကျ များပြားခြင်းတို့နှင့် ကြုံတွေ့လာရသည်။

လူအမြောက်အမြားနှင့် ကုန်စည်အများအပြားကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၊ တစ်စုတစ်စည်းတည်း ပို့ဆောင်ပေးနိုင်သည့် တစ်ခုတည်းသော အဖြေနည်းလမ်းသည် မီးရထားသယ်ယူပို့ဆောင်ရေးစနစ်တွင်သာ ရှိသည်။ **မီးရထားသယ်ယူပို့ဆောင်ရေးစနစ်သည် လူ အမြောက်အမြားကို အချိန်တိုအတွင်း တစ်ပြိုင်တည်း ပို့ဆောင်ပေးနိုင်သည့် လုံခြုံစိတ်ချရသော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ် တစ်ခုခု ကျရောက်ချိန်များတွင်လည်း ပြည်သူအများအပြားကို ဘေးလွတ်ရာသို့ အရေးပေါ် ရွှေ့ပြောင်းပို့ဆောင်ပေးနိုင်သည်။**

*စာမျက်နှာ ၇ သို့*

**“ မီးရထားသယ်ယူပို့ဆောင်ရေးစနစ်သည် လူအမြောက်အမြားကို အချိန်တိုအတွင်း တစ်ပြိုင်တည်းပို့ဆောင်ပေးနိုင်သည့် လုံခြုံစိတ်ချရသော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်ချိန်များတွင်လည်း ပြည်သူအများအပြားကို ဘေးလွတ်ရာသို့ အရေးပေါ် ရွှေ့ပြောင်း ပို့ဆောင်ပေးနိုင်သည်။ သို့ရာတွင် . . . ”**

*စာမျက်နှာ ၆ မှ*

သို့ရာတွင် မီးရထားသယ်ယူပို့ဆောင်ရေးစနစ်၏ ကနဦး ကုန်ကျစရိတ်မှာ အဆမတန်များပြားလွန်းသည့်အတွက် ကမ္ဘာအနှံ့ရှိ မီးရထားလုပ်ငန်း အများစုတွင် အစိုးရများအနေဖြင့် အနည်းနှင့်အများဆိုသလိုပင် အရှုံးပေါ်လျက်ရှိသည်။ မြန်နှုန်းမြင့် ကျည်ဆန်ရထားပြေးဆွဲရာတွင် ကမ္ဘာ့နံပတ်တစ်ဟု နာမည်ကြီးသည့် ဂျပန်နိုင်ငံ၏ ရထားလုပ်ငန်းကို လေ့လာကြည့်ရာတွင် ရထားပြေးဆွဲဝန်ဆောင်မှုလုပ်ငန်း၌ အရှုံးပေါ်လျက်ရှိသော်လည်း ရထားမြေပေါ်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်များနှင့် အခြားသော စီးပွားရေးလုပ်ငန်းတချို့မှ ရရှိသည့်ဝင်ငွေနှင့် အရှုံးကို ကာမိစေပြီး အမြတ်အစွန်းရနေကြောင်း တွေ့ရှိရသည်။ အချို့သောနိုင်ငံများတွင် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ကာလရှည်စာချုပ်များ ချုပ်ဆိုကာ နှစ်ရှည်စီမံကိန်းကြီးများ ချမှတ်ဆောင်ရွက်ကြရသည်။ နှစ်စဉ်လည်း အစိုးရဘတ်ဂျက်အတွင်းမှ မီးရထားသယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် ထိုက်သင့်သည့် အချိုးအစားတစ်ခုဖြင့် မပြတ် ထောက်ပံ့ပေးထားရသည်။

အိန္ဒိယနိုင်ငံတွင် ရထားသယ်ယူပို့ဆောင်ရေးအတွက် နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံကို လျာထားခွဲဝေပေးလျက်ရှိပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကို လျာထားခွဲဝေပေးလျက်ရှိသည်။ ဤနည်းဖြင့် အများပြည်သူသုံး မီးရထားသယ်ယူပို့ဆောင်ရေးစနစ်ကို အသက်ဝင်ရှင်သန်နိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိနေသည်။ မျှော်မှန်းရလဒ်အနေဖြင့် ၎င်းနိုင်ငံများ၌ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတွင် တစ်နိုင်ငံလုံး၏ ၉၀ ရာခိုင်နှုန်းကို ရထားလုပ်ငန်းက ပိုင်ဆိုင်လျက်ရှိသည်။ ဤသို့ဖြင့် ကနဦးတွင် အရှုံးနှင့်စတင်ရသော်လည်း ရေရှည်တွင် နိုင်ငံအတွက်ရော အများပြည်သူအတွက်ပါ နှစ်ဖက်အကျိုးရှိသည့်လုပ်ငန်းတစ်ခုလည်းဖြစ်သည်။

မိမိတို့နိုင်ငံတွင် မီးရထားသယ်ယူပို့ဆောင်ရေးကို အခြေခံလူတန်းစားအများအပြား မှီခိုအားထားလျက်ရှိသည်။ သို့ရာတွင် အဘက်ဘက်မှ ယိုယွင်းအိုမင်းလာပြီဖြစ်သော မြန်မာ့မီးရထား၏ စွမ်းဆောင်ရည်မှာလည်း ကျဆင်းလျက်ရှိသဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတို့တွင်ပါ တစ်စနှင့်တစ်စ လျော့နည်းလာလျက်ရှိနေသည်။ ခရီးသွားကဏ္ဍနှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍတို့တွင် ဝေစုရာခိုင်နှုန်း အနည်းငယ်သာ ကျန်နေတော့သည့် မြန်မာ့မီးရထားလုပ်ငန်းကို ပြန်လည်တိုးတက် ပြေးဆွဲနိုင်ရန်မှာ အဘက်ဘက်မှ နည်းလမ်းပေါင်းစုံနှင့် ဆောင်ရွက်ရတော့မည်ဖြစ်သည်။ အထူးသဖြင့် ရထားဈေးကွက် တစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းဖြစ်သည့် ဝင်ငွေကို ရှာပေးနေသော ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ပြည် လမ်းပိုင်းများတွင် မော်တော်ကားများနှင့်အပြိုင် ဝန်ဆောင်မှုပေးနိုင်ရန်မှာ များစွာကြိုးပမ်းရပေဦးမည်။

## မြန်မာ့မီးရထား ဝန်ဆောင်ပြေးဆွဲမှုလုပ်ငန်းအား အဘက်ဘက်မှ အဆင့်မြှင့်တင်ခြင်းသည် လတ်တလောဆောင်ရွက်၍ ချက်ချင်းသိသာစေနိုင်သည့် လုပ်ငန်းမျိုးမဟုတ်ဘဲ . . . .



၂၇-၅-၂၀၂၂ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ၌ ဂျပန်နိုင်ငံမှ ရောက်ရှိလာသည့် DEMU ရထားတွဲဆိုင်းအသစ်များကို ကြည့်ရှုစစ်ဆေးစဉ်။

သို့ရာတွင် တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဟူသည့် မလျှော့သောဇွဲစိတ်ဓာတ်တို့နှင့် ကြိုးစားပါလျှင် အောင်မြင်မှုဆီသို့ မုချအရောက်လှမ်းနိုင်မည်ဖြစ်သည်။ "တာတိုမှာ ခွန်အား၊ တာလတ်မှာ အဆုံးအဖြတ်၊ တာဝေးမှာ စိတ်ဓာတ်" ဆိုသည့်အတိုင်း **မြန်မာ့မီးရထား ဝန်ဆောင်ပြေးဆွဲမှုလုပ်ငန်းအား အဘက်ဘက်မှ အဆင့်မြှင့်တင်ခြင်းသည် လတ်တလော ဆောင်ရွက်၍ ချက်ချင်းသိသာစေနိုင်သည့် လုပ်ငန်းမျိုးမဟုတ်ဘဲ** ရေတို၊ ရေရှည်စီမံကိန်းများစွာချမှတ်၍ တစ်ဆင့်ချင်း လုပ်ဆောင်သွားရမည့် ခရီးတာဝေး လုပ်ငန်းတစ်ခုဖြစ်သည်။ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာ့မီးရထားလုပ်ငန်းကို အဆင့်မြှင့်တင်နိုင်ရေး အလေးထားလမ်းညွှန်မှာကြားမှုများနှင့်အတူ မြန်မာ့မီးရထား၏ "ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးကို ရှေးရှုမျှော်ကိုးကာ မြန်မာ့မီးရထားလုပ်ငန်းရှိ တာဝန်ရှိသူအားလုံးတို့မှ စိတ်ဓာတ်ကောင်းကောင်း၊ ခံယူချက်ရှိရှိဖြင့် ရှေ့ဆက်ချီတက်ရမည့် ခရီးရှည်တစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

*(ဆက်လက်ဖော်ပြသွားပါမည်)*

# နည်းပညာဆိုင်ရာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သုတေသနပြုစာတမ်းများ ပိုမိုကျယ်ပြန့်စွာဖတ်ကြားလာနိုင်စေရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် နည်းပညာဆိုင်ရာသုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စာတမ်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဆောက်လုပ်ရေးဝန်ကြီးဌာနကို အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနများနှင့် ဖွဲ့စည်းထားသည်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော တည်ဆောက်ရေးလုပ်ငန်းများတွင် အတွေ့အကြုံကောင်းများစွာရရှိပြီးသော အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်အသီးသီးတွင် ဆောင်ရွက်နေကြသော ဝန်ထမ်းများအတွက် အတွေ့အကြုံကောင်းများကို မျှဝေပေးနိုင်ရန် ရည်ရွယ်သလို ဆန်းသစ်တီထွင် ဖန်တီးတွေးခေါ်ကြံဆမှုများကို ပြုစုပျိုးထောင်ပေးပြီး တွေ့ရှိလာသည့် တိုးတက်လာသော နည်းပညာဆိုင်ရာပညာရပ်များ၊ အတွေ့အကြုံများ၊ သတင်းအချက်အလက်နှင့် သုတေသန တွေ့ရှိချက်များကို ဆွေးနွေးနှီးနှော ဖလှယ်ရန် ရည်ရွယ်ပြီး နည်းပညာဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲကို ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း။

ယနေ့စာတမ်းဖတ်ပွဲအတွက် အကြိုတင်ပြလာသော စာတမ်းများအနက် ပထမဦးစားပေးအဖြစ် စာတမ်းကိုးစောင်ကိုသာ ဖတ်ကြားရန် ရွေးချယ်ခဲ့ပြီး ကျန်ရှိသည့် စာတမ်းများအတွက် နောက်ထပ်ပြုလုပ်မည့် စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်များအနေဖြင့် ဆက်လက်ကြိုးစားပေးစေလိုပါကြောင်း။

ယနေ့ဖတ်ကြားမည့် စာတမ်းများသည် ဝန်ကြီးဌာန၏ ပညာရပ်ဆိုင်ရာ အကျိုးပြုမည့် စာတမ်းများဖြစ်သလို တည်ဆောက်ရေးကဏ္ဍအတွက် မှီငြမ်းအသုံးပြုနိုင်သော အားထားစရာစာတမ်းများအဖြစ် ဂုဏ်ယူဝမ်းမြောက်စွာ တွေ့ရှိရပါကြောင်း။

နည်းပညာဆိုင်ရာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သုတေသနပြုစာတမ်းများ ပိုမို ကျယ်ပြန့်စွာ ဖတ်ကြားလာနိုင်စေရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ယခုစာတမ်းဖတ်ပွဲ၏ ရည်ရွယ်ချက်အတိုင်း ဝန်ကြီးဌာန၏ ဝန်ထမ်းကောင်းများ၊ ပညာရှင်များပျိုးထောင်မွေးထုတ်ပေးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် Moderator အဖြစ် ဆောင်ရွက်သည့် လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကြည်သွင်ဦးက နည်းပညာဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲတွင် စာတမ်းရှင်များ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးရုံး၊ အဆောက်အဦ၊ လမ်း၊ တံတားနှင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာနတို့မှ စာတမ်းရှင်များက ၎င်းတို့၏ နည်းပညာဆိုင်ရာ သုတေသနစာတမ်းများကို သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ရှင်းလင်းဖတ်ကြားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အနုပညာအပေါ် ရုန်းကန်ခဲ့ရတာတွေအတွက် အခုလိုဆုရတော့ ဝမ်းသာပါတယ်။ ရုပ်ရှင်၊ ဂီတ၊ သဘင်နဲ့ ပတ်သက်ပြီး ဘဝကို ရုန်းကန်ကြိုးပမ်းခဲ့တဲ့သူတွေကို အသိအမှတ်ပြုပေးတာကို ကျေးဇူးတင်ပါတယ်

**ဦးအောင်လွင်၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်)**



ဦးဇော်ဇော်နိုင် (သီရိပျံ့ချီဘွဲ့)



ဦးအောင်လွင်၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်)



ဦးအေးကြူလေး၊ အနုပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ထူးကဲစွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့် လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူ ပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းထမ်းဆောင်ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြသော နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် ပုဂ္ဂိုလ်များကို ထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်သည်။**

ထို့သို့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်များ၏ ဝမ်းသာပီတိစကားသံများကို စုစည်းဖော်ပြအပ်ပါသည်။

**ဦးဇော်ဇော်နိုင် (သီရိပျံ့ချီဘွဲ့)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

ကျွန်တော့်အနေနဲ့ ဒီဘွဲ့ရရှိတာကို အထူးဂုဏ်ယူမိသလို အထူးလည်း ဝမ်းသာပါတယ်။ ဘွဲ့ရရှိတဲ့အထဲမှာ ဟိန္ဒူဘာသာဝင်တွေ၊ ခရစ်ယာန်ဘာသာဝင်တွေ၊ အစ္စလာမ်ဘာသာဝင်တွေ ပါဝင်တာ တွေ့ရပါတယ်။ ဒါဟာ လူမှုရေး၊ ဘာသာရေးဘက်တွေမှာ ရှုပ်ရှုပ်ချုံချုံလုပ်နိုင်တဲ့လူတွေကို နိုင်ငံတော်ကနေ အသိအမှတ်ပြုတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် အားပေးချီးမြှောက်တာ ဖြစ်ပါတယ်။ ဒီ့အတွက် ရလဒ်က ဘာဖြစ်မလဲဆိုတော့ နောက်ထပ်လူတွေ ပိုကြိုးစားလာကြမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကနေ ဘွဲ့တွေ ချီးမြှင့်တယ်၊ အသိအမှတ်ပြုတယ်။ ဒါကြောင့် ငါတို့လည်း ကောင်းကောင်းမွန်မွန်လုပ်ရမယ်။ အဖွဲ့အစည်းအပေါ်မှာ မှီခိုတာမရှိဘဲနဲ့ အဖွဲ့အစည်းရော၊ ပါဝင်တဲ့သူတွေရော တတ်နိုင်တဲ့ဘက်ကနေ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် အလုပ်လုပ်ရမယ်ဆိုတဲ့ စိတ်ဓာတ်ကို ပိုပြီးအားရှိအောင် လုပ်ပေးလိုက်တဲ့သဘော၊ ပံ့ပိုးလိုက်တဲ့ သဘောပါ။ နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ပွဲတွေမှာ နိုင်ငံတော်အစိုးရက အများကြီးကူညီပေးခဲ့ပါတယ်။ ဒီနှစ် ဒီပါဝလီပွဲမှာလည်း နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ နိုင်ငံတော်က လုပ်ပေးခဲ့တာ အများကြီးပါ။ ဒါကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ဘွဲ့ရတဲ့အထဲမှာ ကျွန်တော့်ထက် အသက်ကြီးတဲ့သူပါပါတယ်။ အသက် ၈၇ နှစ်ရှိပြီဖြစ်တဲ့ ဟိန္ဒူအဖွဲ့ချုပ်က နာယက ဦးနန္ဒလည်း ဘွဲ့ရရှိတဲ့အထဲပါပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ကို အထူးကျေးဇူးတင်ပါတယ်။ ဘာသာ၊ သာသနာနဲ့ အမျိုးသားရေးဆောင်ရွက်ရာမှာ ကျွန်တော်တို့နဲ့ပတ်သက်လို့ နိုင်ငံတော်မှာ အဆိုးဘာမှ မကြားစေရအောင်၊ အကောင်းပဲ ကြားရအောင် ဆောင်ရွက်သွားမယ်လို့ ကတိလည်း ပေးပါတယ်။ နောင်နှစ်တွေမှာလည်း ဒီထက် ကြိုးစားသွားမှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအောင်လွင်၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်)**
**နာယက၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးပြီး ကျွန်တော်နဲ့ ဦးညွန့်ဝင်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၃ ရက်နေ့မှာ တစ်သက်တာထာဝရဆု ပေးခဲ့တာလည်း ကျွန်တော့်အတွက် အမှတ်တရတစ်ခုပါပဲ။ ကျွန်တော်အသက် ၈၇ နှစ်ပြည့်ပြီးလို့ ၈၈ နှစ်ထဲ ရောက်ပါပြီ။ မည်သို့ပင်ဖြစ်စေကာမူ ဆရာဗိုလ်ကလေးတင့်အောင် ပြောခဲ့သလိုပဲ ကျွန်တော်တို့က ဒါပဲလုပ်တတ်တော့ ရုပ်ရှင်၊ ဂီတ၊ စာပေ နယ်ပယ်မှာပဲ လုံးထွေးနေတဲ့ ဘဝတစ်ခုပါပဲ။ ကျွန်တော်တို့ရဲ့ ဆရာကြီးတွေဖြစ်တဲ့ ဆရာဦးဖိုးပါကြီး၊ ဒါရိုက်တာ မောင်တင်ယု၊ ဒါရိုက်တာ ရွှေဒုံးဘီအောင်၊ ဆရာကြီးဦးသုခ စသဖြင့် ဆရာကြီးတွေ လှမ်းသွားခဲ့တဲ့ လမ်းကြောင်းအပေါ် အနုပညာကို ပြည်သူအတွက်ဖြစ်အောင်၊ ကိုယ်ကျိုးအတွက်လည်းဖြစ်အောင် လုပ်ဆောင်ရပါတယ်။

> “ဘွဲ့ရရှိတဲ့အထဲမှာ ဟိန္ဒူဘာသာဝင်တွေ၊ ခရစ်ယာန်ဘာသာဝင်တွေ၊ အစ္စလာမ်ဘာသာဝင်တွေ ပါဝင်တာ တွေ့ရပါတယ်။ ဒါဟာ လူမှုရေး၊ ဘာသာရေးဘက်တွေမှာ ရှုပ်ရှုပ်ချုံချုံလုပ်နိုင်တဲ့လူတွေကို နိုင်ငံတော်ကနေ အသိအမှတ်ပြုတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် အားပေးချီးမြှောက်တာ ဖြစ်ပါတယ်။ ဒီ့အတွက် ရလဒ်က ဘာဖြစ်မလဲဆိုတော့ နောက်ထပ်လူတွေ ပိုကြိုးစားလာကြမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကနေ ဘွဲ့တွေ ချီးမြှင့်တယ်၊ အသိအမှတ်ပြုတယ်။ ဒါကြောင့် ငါတို့လည်း ကောင်းကောင်းမွန်မွန် လုပ်ရမယ်။”

အနုပညာဆိုတာ သူများခိုင်းလို့လုပ်တာ မဟုတ်ပါဘူး။ ကိုယ့်ဘာသာ ဝါသနာပါလို့ လုပ်ကြတာပါ။ ငယ်ငယ်တုန်းကတည်းက အသံတိတ် ဇာတ်ကားတွေ ကြည့်တယ်။ သူများတွေလို သရုပ်ဆောင်ပြီး ဒိုင်ဗင်ထိုးတယ်။ ဒီလိုနဲ့ ဝါသနာပါရင်းကနေ ကျွန်တော်တို့ ရုပ်ရှင်ရိုက်ခွင့်ရတဲ့အခါမှာ မြန်မာပြည်မှာရှိတဲ့ ရှုခင်းတွေကို တိုင်းပြည်ကလူတွေ ကြည့်ဖူးစေချင်တယ်။ ဥပမာပြောရရင် ရေခဲတောင်ရှိတာ မသိကြဘူး။ ရေခဲတောင်ရှိမှန်း သိစေချင်လို့ ကျွန်တော် “နေခြည်ဖြာ” ဇာတ်ကားကို ရိုက်ခဲ့ပါတယ်။ ရခိုင်က ကစ္ဆပနဒီကို မြင်ဖူးစေချင်လို့ “တိမ်လွှာမို့မို့လွင်”နဲ့ “မိုးကုပ်စက်ဝိုင်း” ဇာတ်ကားကို ရိုက်ခဲ့ပါတယ်။ မှောင်ခိုလောကကို အခြေခံပြီးတော့ မွန်ပြည်နယ်မှာ တစ်ချိန်က အဲဒီလို ဖြစ်ခဲ့တယ်ဆိုတာကိုသိအောင် “ပွေလီဝေလင်း” ဆိုတဲ့ ဇာတ်ကားကို ရိုက်ခဲ့ပါတယ်။ နောက်တစ်ခုက အင်းလေးမှာ အခုလို ရေတွေ မခန်းသေးဘူး။ ရေလျှောစီးတာတွေ ရိုက်တယ်။ ဒါက တောင်ပိုင်း ရှမ်းပြည်၊ မြောက်ပိုင်းရှမ်းပြည်ကျတော့ ဂုတ်ထိပ်တံတားအပေါ်မှာ ဦးဝင်းဦးနဲ့ ထိုးတာကြိတ်တာ “ကျောက်မဲအကျဉ်းသား” ဇာတ်ကားရိုက်တယ်။ ပြည်နယ်အသီးသီးကို ကျွန်တော်တို့ တိုင်းရင်းသားတွေအကုန် မြင်ဖူးစေချင်တဲ့သဘောနဲ့ ရိုက်ခဲ့ပါတယ်။

ကျွန်တော်တို့ အနုပညာအပေါ် ရူးသွပ်ခဲ့လို့ တစ်ခါတလေ စားဝတ်နေရေး ခက်ခဲတာတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ရုန်းကန်ခဲ့ရတာတွေအတွက် အခုလိုဆုရတော့ ဝမ်းသာပါတယ်။ ဆုရတဲ့အထဲမှာ ကျွန်တော်တို့တင် မကပါဘူး။ ကွယ်လွန်သွားကြပြီဖြစ်တဲ့ ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက်ပါတယ်။ ကျွန်တော့်ဆရာ ရွှေဒုံးဘီအောင်၊ ဦးသာထူးတို့ပါတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေ ကွယ်လွန်သွားခဲ့ပါပြီ။ ဒေါ်အေးအေးသင်းတို့ လည်းပါတယ်။ အဲဒီသူတွေကို မေ့ပျောက်သွားကြပေမယ့် မမေ့သွားအောင်ပြန်ပြီး ဖော်ပေးတဲ့အတွက် သူတို့မိသားစုကိုယ်စား၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ကိုယ်စား သက်ဆိုင်ရာကို ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ရုပ်ရှင်၊ ဂီတ၊ သဘင်နဲ့ ပတ်သက်ပြီး ဘဝကို ရုန်းကန်ကြိုးပမ်းခဲ့တဲ့သူတွေကို အသိအမှတ်ပြုပေးတာကို ကျေးဇူးတင်တဲ့အကြောင်း ပြောချင်ပါတယ်။ ဝမ်းသာပါတယ်ခင်ဗျာ။

**ဦးအေးကြူလေး၊ အနုပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)**
**ဒုတိယဥက္ကဋ္ဌ(၁)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

ကျွန်တော်က ၁၉၉၅ ခုနှစ်လောက်ကတည်းက အမှုဆောင်ဖြစ်တာပါ။ ဖြစ်တဲ့အချိန်ကစပြီး လူမှုရေးတွေချည်း လုပ်ပါတယ်။ ဆန်၊ ဆီဝေတာ၊ နာရေးထောက်ပံ့တာ အဲဒီအလုပ်တွေပဲ တောက်လျှောက်လုပ်ခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာ ထူးထူးခြားခြားကတော့ သမိုင်းပြုစုတဲ့ ကိစ္စပေါ်လာတယ်။ သမိုင်းပြုစုတော့ ကျွန်တော် တစ်ယောက်တည်း မရပါဘူး။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

တစ်ကြောင်းဆိုရင် တော်တော်ရှာယူခဲ့ရပါတယ်။ နောက်ပိုင်းကျတော့ ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးအနေနဲ့ ထုတ်သင့်တယ်ဆိုပြီး သမိုင်းစာအုပ်လုပ်ပါတယ်။ မြန်မာ့ရုပ်ရှင်သမိုင်းစဉ် (၁၉၂၀-၄၅) ငွေရတုခေတ်၊ (၁၉၄၆-၇၀) ရွှေရတု ခေတ်အစဉ်လိုက်လုပ်လိုက်တဲ့အခါကျတော့ ၁၉၇၅ ခုနှစ် စိန်ရတုအထိ ပြီးသွားပြီ။

မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ပွဲတော်မှာပဲ မြန်မာ့ရုပ်ရှင် သမိုင်းစဉ် (၁၉၂၀-၄၅) စာအုပ်ထွက်တယ်။ နောက်တစ်ခါထပ်ပြီး ငွေရတုစာအုပ်က နောက်တစ်နှစ် ထွက်တယ်။ နှစ်နှစ်ထွက်ပြီးပြီ။ ပြုစုရမှာ စိန်ရတု သမိုင်းစာအုပ် ကျန်နေပါတယ်။ အဲဒါကတော့ လုပ်နေပါတယ်။ မထွက်သေးပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း မြန်မာ့ရုပ်ရှင် သမိုင်းဝင်များ ငွေရတု၊ ရွှေရတု၊ စိန်ရတုအထိ ထွက်ပြီးသွားပါပြီ။ အဲဒါတွေ ပြုစုခဲ့ပါတယ်။ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ ကွယ်လွန်သွားတဲ့ ပညာသည်ကြီးတွေ ပါပါတယ်။ ဆုချီးမြှင့်တဲ့အထဲမှာ ကွယ်လွန်သွားတဲ့ ပညာသည်ကြီးတွေပါတဲ့အတွက် ဝမ်းသာရပါတယ်။ ကျွန်တော်တို့တွေ ရုပ်ရှင်အလုပ်လုပ်တယ်ဆိုတာ ရှေးကပညာသည်တွေ ဖောက်တဲ့လမ်းကို လျှောက်ရတာဖြစ်ပါတယ်။ ကျေးဇူးရှင်တွေပါပဲ။ ဆုချီးမြှင့်တဲ့အတွက် ဝမ်းသာပါတယ်။ ကျန်တဲ့သူတွေ အများအပြားရတဲ့အတွက်လည်း ဝမ်းသာပါတယ်။

**ဒါရိုက်တာ မောင်နှင်းမိုး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) နာယက၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး**

ကျွန်တော်က ၂၀၁၂ ခုနှစ်ကစပြီး ယနေ့အချိန်အထိ ရုပ်ရှင်အစည်းအရုံးမှာ ရုပ်ရှင်လောကသားတွေ အကျိုးအတွက် ဆောင်ရွက်ပေးနေတဲ့သူ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှာ နာယကလုပ်နေရင်း တစ်ဖက်ကလည်း အကယ်ဒမီပွဲ ဥက္ကဋ္ဌ တာဝန်ကိုယူခဲ့ပြီး လုပ်ဆောင်ပေးခဲ့ပါတယ်။ နိုင်ငံတော်အတွက်ဆိုရင် ရဲတပ်ဖွဲ့နှစ်ပတ်လည်၊ တပ်မတော်ဂုဏ်ပြု၊ ကျန်းမာရေးဦးစီးဌာန၊ အမျိုးသမီးရေးရာစသဖြင့် အများကြီးရိုက်ပေးခဲ့ပါတယ်။ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံရေးဆိုရင် ရွှေထီးတော်ချကတည်းက၊ စောင်းတန်းတွေ ဖျက်တာတွေ၊ အသစ်ပြန်ဆောက်တာတွေ ဒါတွေကို မှတ်တမ်းတင်ပေးခဲ့ပါတယ်။ အဲဒီတုန်းက မြဝတီ၊ မြန်မာ့အသံနှင့်




ဒါရိုက်တာ မောင်နှင်းမိုး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်)

ရုပ်မြင်သံကြား နှစ်ဖွဲ့နဲ့ ပူးပေါင်းပြီးတော့ ရွှေထီးတော်အထိတက်ပြီး ရိုက်ကူးပြီးတော့ မှတ်တမ်းတင်ပေးခဲ့ပါတယ်။ မြဝတီမှာဆိုရင် ၂၀၀၂ ခုနှစ်ကနေ စပြီးတော့ ၂၀၀၄ ခုနှစ်အထိကို ကျွန်တော်က ကျွမ်းကျင်ပညာရှင်အဖြစ်နဲ့ လုပ်ပေးခဲ့တာရှိပါတယ်။ အဲ့ဒါတွေကြောင့် အဲဒီအချိန်က လူမှုထူးချွန် တတိယအဆင့် ရရှိခဲ့တာရှိပါတယ်။ အခုတစ်ခါ လူမှုထူးချွန် ပထမအဆင့်အဖြစ် ထပ်မံရရှိခဲ့တာပါ။ ကျွန်တော့်အနေနဲ့ ဒီလုပ်ရပ်တွေအပေါ်မှာ နိုင်ငံတော်က အသိအမှတ်ပြုပြီး ချီးမြှင့်တဲ့အတွက် ဝမ်းသာပါတယ်။ ဂုဏ်လည်းယူပါတယ်။

**ဦးတင်ဌွေး(ခ)ဒိန်းဒေါင်၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ဟာသသရုပ်ဆောင်**

ကျွန်တော် ဒိန်းဒေါင်ဆိုပြီး နာမည်မရခင် အချိန်ကတည်းက အလှူအတန်းတွေ လုပ်ခဲ့ပါတယ်။ ကျွန်တော် ဝါသနာပါတာကတော့ မိဘမဲ့ကလေးတွေကို ရှင်ပြုပေးတာပါ။ ပထမဦးဆုံးအကြိမ် ၁၀၄ ပါး ရှင်ပြုပေးခဲ့ပါတယ်။ အိမ်ငှားနဲ့နေပြီး အိမ်ဝယ်ရမယ့် ပိုက်ဆံအားလုံးကို လှူပစ်ခဲ့တာပါ။ ပြီးတော့ အပါး ၂၇၀၊ အပါး ၃၅၀ ရှင်ပြုပေးခဲ့တဲ့




ဦးတင်ဌွေး(ခ)ဒိန်းဒေါင်၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

အပြင် မိဘကျေးဇူးဆပ် အနန္တမေတ္တာရှင်ဘုရားကြီးကို ဘုရားဒါယကာအဖြစ်နဲ့ တည်ခဲ့ပါတယ်။ နောက်ပြီး ရှေးဟောင်းဘုရားတွေ ထီးတင်တယ်။ လမ်းတွေ၊ သိမ်တွေလှူခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ နေ့ထူးနေ့မြတ်ကြီးတွေမှာ ကျွန်တော်တတ်စွမ်းတဲ့ အနုပညာနဲ့ အနုပညာသမားဆိုတဲ့ ခံယူချက်အပြည့်နဲ့ ဖျော်ဖြေခဲ့ပါတယ်။ ပွဲလမ်းသဘင်ဆိုရင် ဘယ်ကငှားငှား ကျွန်တော် ကပါတယ်။ အခုကတော့ ကျွန်တော်လှူမယ်။ ကိုယ်ကိုယ်တိုင် မရှိခဲ့တဲ့ဘဝက လာခဲ့တဲ့အတွက် မရှိတဲ့သူတွေကို ကိုယ်ချင်းစာပါတယ်။ ဒီနေ့ဆိုရင် အလှူရှင်တွေနဲ့ သူတို့တွေကို တွေ့ပေးပါတယ်။ လူတစ်ယောက်က သူများလိုချင်တာကို ဖြည့်ဆည်းပေးရင် ကိုယ်လိုချင်တာလည်း ပြည့်ဝတတ်ပါတယ်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးဆိုတော့ ဒီဟာက တာဝန်တစ်ခု ရလိုက်သလိုပါပဲ။ ဒီထက်ပိုပြီးတော့ ပရဟိတတွေလုပ်မယ်။ ပြီးတော့ ကျွန်တော် တတ်စွမ်းထားတဲ့အနုပညာနဲ့ တိုင်းပြည်နဲ့လူမျိုးကို အလုပ်အကျွေးပြုမယ်လို့ ခံယူထားပါတယ်။

**သတင်းအဖွဲ့**

## ကျောက္ကာအနောက်ကျွန်း ဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တော ဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော အခွင့်အာဏာများကိုကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၇၁၇) ဧကရှိသော နယ်မြေကို **“ကျောက္ကာအနောက်ကျွန်း ဒီရေတော ကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၆၅/၂၀၂၂) အရ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၈) ရက် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ကျောက္ကာအနောက်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တောဧရိယာအား သဘာဝဒီရေတောများ ပျက်စီးပြုန်းတီးခြင်းမှ ကာကွယ်ရန်၊ ဒီရေတောများသည် ကမ်းရိုးတန်းဒေသများ၏ မြေပြိုတိုက်စားမှုမှ ကာကွယ်ရန်နှင့် ဒီရေတောများသည် လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများ သဖွယ်ကာကွယ်ရန် ရည်ရွယ်၍ ဒီရေတော ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ကျောက္ကာအနောက်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ လမု၊ ကန့်ပလာ၊ ကနစို၊ ပင်လယ်အုန်း၊ မဓမစသည့် ဒီရေတောသစ်မျိုးများ၊ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း စသည့်ရေနေသတ္တဝါများ၊ တောကျီးကန်း၊ ချိုး၊ ဘုတ်၊ ရေကြက်၊ ဗျိုင်းစသည့် ငှက်မျိုးများနှင့် မျောက်၊ ဖွတ်၊ ဖျံ၊ မြွေ၊ အင်းကျား စသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စား ပေါက်ရောက်ရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် ဒီရေတောများသည် အဏ္ဏဝါ ဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။



**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပပြုလုပ်မည့် ငှက်ဖျားရောဂါဆိုင်ရာဒေသတွင်း ဦးဆောင်ကော်မတီအစည်းအဝေးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ဒေသတွင်း ငှက်ဖျားရောဂါဆိုင်ရာ အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်မည်



နေပြည်တော် နိုဝင်ဘာ ၂၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၂၂ ရက်မှ ၂၉ ရက်အတွင်း ကျင်းပမည့် ငှက်ဖျားရောဂါဆိုင်ရာဒေသတွင်း ဦးဆောင်ကော်မတီအစည်းအဝေးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဒေသတွင်းငှက်ဖျားရောဂါဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ် နှစ်ဦးသည် ယနေ့တွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြောင်း သိရသည်။

အဆိုပါ ဦးဆောင်ကော်မတီအစည်းအဝေးသည် ခြောက်လတစ်ကြိမ် ကျင်းပလေ့ရှိပြီး အစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့နှင့် ဒေသတွင်းသက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ပြီး အဆိုပါနိုင်ငံများအတွင်း ဆေးယဉ်ပါးငှက်ဖျားရောဂါ တိုက်ဖျက်ရေးဆောင်ရွက်ချက်များနှင့် ဖြစ်ပေါ်တိုးတက်မှုကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### ရေချွေတာရေး နည်းလမ်းများ

- ❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❄ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❄ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ❄ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင် ပိတ်ပါ။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပဲခူးတိုင်းဒေသကြီးအတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် စပါးနှင့် ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီး အတွင်း ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်သော တောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်း၊ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။ **(အပေါ်ယာပုံ)**



ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ လယ်ယာစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စပါးနှင့် ပဲတီစိမ်း စိုက်ပျိုးသော တောင်သူများအတွက် လိုအပ်လျက်ရှိသော သွင်းအားစုများကို ၁ ရာခိုင်နှုန်း ဝန်ဆောင်မှုစရိတ်ဖြင့် ငွေမချေးဘဲ မြေဩဇာနှင့် ပိုးသတ်ဆေး ရရှိရေး ဆောင်ရွက်ပေးခြင်း၊ မြေဩဇာတန်ဖိုးနှင့် ညီမျှသော စပါးနှင့် ပဲတီစိမ်းများအား တောင်သူများမှ ပေါက်ဈေးနှင့်အညီ ပြန်လည်ရောင်းချ ပေးဆပ်ခြင်း၊ လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြွေးကျန်ရှိသည့် တောင်သူများအနေဖြင့် ကြွေးကျန်ပမာဏ၏ ၂၅ ရာခိုင်နှုန်းအပါအဝင် မြေဩဇာ တန်ဖိုးနှင့် ညီမျှသော စပါးနှင့် ပဲတီစိမ်းများအား ပေါက်ဈေးနှင့် အညီ ပြန်လည်ရောင်းချပေးဆပ်ခြင်း၊ တောင်သူများ၏ လက်ဝယ်သို့သွင်းအားစုများ သတ်မှတ်ချိန်အတွင်း အချိန်မီ ရောက်ရှိအသုံးပြုနိုင်ရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ဝန်ဆောင်ခ ၁ ရာခိုင်နှုန်း ငွေများအား မပျောက်ပျက်၊ မဆုံးရှုံးအောင် စီမံဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးက ဌာနများအနေဖြင့် အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီပြီး ဈေးနှုန်းသက်သာသည့် သွင်းအားစုများ စိုက်ပျိုးချိန်အမီ ရောက်ရှိစေရေး အစုအဖွဲ့များနှင့် ချိတ်ဆက်ကြီးကြပ် ဆောင်ရွက်ခြင်း၊ ထွက်ရှိလာသော စပါးနှင့် ပဲတီစိမ်းများ ဈေးကွက်ပေါက်ဈေး အတိုင်း ဝယ်ယူရောင်းချနိုင်ရေး စပါးနှင့် ပဲတီစိမ်း ဝယ်ယူမည့် အစုအဖွဲ့များနှင့် ညှိနှိုင်းချိတ်ဆက် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် ဆုံးရှုံးမှုမရှိအောင် ကြီးကြပ်ခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် အမှန်တကယ်စိုက်ပျိုးမည့် တောင်သူများနှင့် အမှန်တကယ် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းရှင်များ စိစစ်ရွေးချယ်ခြင်း၊ စပါးနှင့် ပဲတီစိမ်း အမှန်တကယ် စိုက်ပျိုးသည့် တောင်သူများလက်ဝယ်သို့ လိုအပ်သောသွင်းအားစုများ ဖြန့်ဖြူးနိုင်ရေး တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ခြင်း၊ တောင်သူများထံမှ ချေးငွေပမာဏအပါအဝင် ဝန်ဆောင်မှုစရိတ် ၁ ရာခိုင်နှုန်း နှင့်ညီမျှသော သီးနှံများကို ကာလပေါက်ဈေးအတိုင်း ဝယ်ယူနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊ လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ကြွေးကျန်ရှိသည့် တောင်သူများအား ကြွေးကျန်ပမာဏ၏ ၂၅ ရာခိုင်နှုန်း အပါအဝင် မြေဩဇာတန်ဖိုးနှင့်ညီမျှသော စပါးနှင့်ပဲတီစိမ်းများ ပေါက်ဈေးနှင့်အညီ ပြန်လည်ရောင်းချပေးဆပ်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် ဆုံးရှုံးမှုမရှိအောင် ကြီးကြပ်ခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်ပေးသွားရမည်ဖြစ်သည်။

တောင်သူများအနေဖြင့် ချေးငွေပမာဏနှင့် ညီမျှသော ပဲတီစိမ်းနှင့် စပါးထွက်ကုန် သီးနှံများကို ပြန်လည်ရောင်းချပေးဆပ်ခြင်း၊ လယ်ယာဖွံ့ဖြိုးရေး ဘဏ်ကြွေးကျန်ရှိသည့် တောင်သူများအနေဖြင့် ကြွေးကျန်ပမာဏ၏ ၂၅ ရာခိုင်နှုန်း အပါအဝင် ချေးငွေပမာဏနှင့်ညီမျှသော ထွက်ကုန်သီးနှံများ ပြန်လည်ပေးသွင်းခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း ပဲတီစိမ်းဧက ၁၅၀,၀၀၀၊ နွေစပါးဧက ၂၀၀,၀၀၀ လျာထား ဆောင်ရွက်လျက်ရှိကြောင်းနှင့် စီမံကိန်းအောင်မြင်ရေး၊ ချေးငွေများ ဆုံးရှုံးမှုမရှိစေရေး၊ လယ်ယာဖွံ့ဖြိုးရေးဘဏ် ချေးငွေများ ပြန်လည်ရရှိရေးဆောင်ရွက်မည့် အစီအမံများ၊ စီမံကိန်းအောင်မြင်ရေး အတွက် အစိုးရအဖွဲ့က တာဝန်ယူကြီးကြပ်ဆောင်ရွက်မည့် ကိစ္စများကို ပြန်လည်ဆွေးနွေးသည်။ ဆက်လက်ပြီး တက်ရောက်လာသော တောင်သူများ၏ မေးမြန်းချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အင်းတကော်မြို့သို့ ရောက်ရှိပြီး ပဲခူး၊ ကဝ၊ ဝေါ မြို့နယ်များရှိ ကျေးရွာများမှ ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူအစုအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ သမဝါယမ အသင်းအမှုဆောင်များနှင့် တွေ့ဆုံပြီး တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘွဲ့ကြို (ပထမနှစ်) မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

**ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘွဲ့ကြို (ပထမနှစ်) မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့တွင် အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား) ဦးအေးမြင့်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီ၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား) ဦးအေးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ စောစန္ဒာအေး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ တင်မြတ်ထွေး (စီမံ/ဘဏ္ဍာ)၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မို့မို့ထွန်း (သင်ကြား/သုတေသန) တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ကွန်ပျူတာစနစ်နှင့် နည်းပညာမဟာဌာန၊ သုတသိပ္ပံမဟာဌာန၊ ကွန်ပျူတာသိပ္ပံမဟာဌာန၊ တွက်ချက်ရေးမဟာဌာန၊ သဘာဝသိပ္ပံဌာန (ရူပဗေဒ)၊ ဘာသာစကားဌာန (မြန်မာစာ)၊ ဘာသာစကားဌာန (အင်္ဂလိပ်စာ)၊ သတင်းအချက်အလက် နည်းပညာထောက်ပံ့ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဌာနတို့မှ ပါမောက္ခ/ဌာနမှူးများက သက်ဆိုင်ရာ ဘာသာရပ်အသီးသီးကို မိတ်ဆက်စကားပြောကြားပြီး ဌာနကြီးမှူး၊ ကျောင်းသားရေးရာ ဌာနမှ သင်တန်းရေးရာဆိုင်ရာများ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီက ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို တင်ပြဆွေးနွေး ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ဘွဲ့ကြို (ပထမနှစ်) ကျောင်းသား ကျောင်းသူ ၂၀၅ ဦး တက်ရောက်ခွင့်ရရှိခဲ့ပြီး ယနေ့ထိ ၁၆၇ ဦး ကျောင်းအပ်နှံထား၍ ကျောင်းအပ်နှံရေး ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

သတင်း အချက်အလက် နည်းပညာတက္ကသိုလ်သည် ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ အစရှိသည့် နိုင်ငံတကာ တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုး၍ ပညာရေးနှင့် သုတေသနပိုင်းဆိုင်ရာ အခန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများကို ပြည်တွင်း၊ ပြည်ပရှိ အိုင်တီကုမ္ပဏီများသို့ လုပ်ငန်းခွင်ဝင်သင်တန်းများ နှစ်စဉ်စေလွှတ်နိုင်ပြီး ဘွဲ့ရကျောင်းသား ကျောင်းသူအားလုံးနီးပါး အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိကြကြောင်း သိရသည်။

သတင်းစဉ်

❄ *ကျောဖုံးမှ*

ရေမိုင် ၆၈၀ ခန့်၊ သီရိလင်္ကာနိုင်ငံ ဂျက်ဖ်နာမြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၂၆၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့- အရှေ့တောင်ဘက် ရေမိုင် ၁၇၅ မိုင်ခန့်နှင့် မာချီလီပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၄၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့် ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၂ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၃ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၃ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ ခန့် ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၃၆ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း-ပူဒူချယ်ရီနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းခြေအနီးသို့ ရောက်ရှိပြီးနောက် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၈ ရက် နေ့လယ်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

ဆက်လက်ပြီး **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က (က) ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသူများကို အရေးယူဆောင်ရွက်မှု အခြေအနေ၊ (ခ) အခြေခံမဲဆန္ဒရှင်စာရင်းများပြုစုခြင်း၊ စိစစ်ခြင်း၊ မဲရုံနှင့် မဲရုံသုံးပစ္စည်းများ လျာထားတွက်ချက်ခြင်းများ ဆောင်ရွက်မှုအခြေအနေ၊ (ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ပြောကြားသည်။

## ၂၀၂၀ ရွေးကောက်ပွဲ စိစစ်မှုများ

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ လုပ်ငန်းစဉ်(၁)နှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲစာရင်းများ စစ်ဆေးခြင်း၊ မဲလက်မှတ်များ စစ်ဆေးခြင်းနှင့် ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မဲရုံမှူးများ အပါအဝင် သက်ဆိုင်သူအားလုံးကို တွေ့ဆုံမေးမြန်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ ဆောင်ရွက်စိစစ်ခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲဆန္ဒရှင်စာရင်း **၃၈ ဒသမ ၂ သန်းကျော်** အနက် မဲမသမာမှုပြုနိုင်သည့် မဲဆန္ဒရှင်ပေါင်း **၁၁ ဒသမ ၃ သန်းကျော်**၊ မဲဆန္ဒရှင် စုစုပေါင်း **၂၉ ဒသမ ၅၄ ရာခိုင်နှုန်း**ကို စစ်ဆေးတွေ့ရှိကြောင်း၊ ထို့အတူ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲလက်မှတ်များကိုစစ်ဆေးရာတွင်လည်း လျော့နည်းပျောက်ဆုံးသည့် မဲလက်မှတ် အရေအတွက် **၁ ဒသမ ၄ သန်းကျော်**နှင့် အပိုတွေ့ရသည့် မဲလက်မှတ် **၄ ဒသမ ၃ သိန်းကျော်**တို့ကို တွေ့ရှိခဲ့ကြောင်း၊ အလားတူ ရွေးကောက်ပွဲဖြစ်စဉ်တစ်ရပ်လုံးအပေါ် စိစစ်မေးမြန်းစစ်ဆေးမှုများပြုရာတွင် တွေ့ရှိချက်များအရ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ကျူးလွန်ခဲ့ကြသူများကို ဖော်ထုတ်ရရှိခဲ့သည်များကို (Power Point) ဖြင့် ရှင်းလင်းပြောကြားသည်။

## ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်မှုများ

ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် အလားတူ မှားယွင်းမှု၊ အားနည်းပျက်ကွက်မှုများနှင့် ဥပဒေချိုးဖောက်မှုများ မဖြစ်စေရန်အတွက် အခြေခံကျသည့် ဥပဒေမူဘောင်ပိုင်းဆိုင်ရာ စိစစ်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းနေရာတွင် အရေးကြီးပြီး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေများတွင် ပါရှိသည့် မဲစာရင်းပြုစုခြင်းနှင့် မဲစာရင်းစိစစ်ခြင်းအပိုင်း၊ ကြိုတင်မဲပေးခြင်း၊ မဲရုံတွင် မဲပေးခြင်း၊မဲရေတွက်ခြင်းနှင့် မဲရလဒ်ထုတ်ပြန်ခြင်းအပိုင်းကို ပိုမိုကောင်းမွန် ပြည့်စုံစေရန် ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ အငြင်းပွားဖွယ်နှင့် ဒေသခံများလက်မခံ ကန့်ကွက်နေသည့် ယခင်ရက်ပေါင်း ၁၈၀ ၊ ယခုပြင်ဆင်သည့်အခါ ရက်ပေါင်း ၉၀ နေထိုင်သူများကို မဲစာရင်းတွင်ထည့်သွင်းပြီး မဲပေးခွင့်ပြုခြင်းကို ပယ်ဖျက်ခြင်း၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သတိပြုဆောင်ရွက်ရန် လိုအပ်သည့် **“ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း”** အခန်းကို အသစ်ဖြည့်စွက်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များကို သင့်လျော်မျှတအောင် ဖြည့်စွက်ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲစနစ်ကိုလည်း တိုင်းရင်းသားလူနည်းစုများအတွက် အခွင့်အရေးပိုမိုရရှိစေပြီး မျှတသည့် ကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်သည့် အချိုးကျ ကိုယ်စားပြုစနစ် (PR စနစ်) ကို ကျင့်သုံးအသုံးပြု ဆောင်ရွက်နိုင်ရေး နိုင်ငံရေးပါတီများနှင့် တွေ့ဆုံ ဆွေးနွေးညှိနှိုင်း သဘောတူဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။ ထို့ပြင် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် အလားတူဖြစ်စဉ်များ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ကျူးလွန်ခဲ့ကြသူများကိုလည်း ရွေးကောက်ပွဲဥပဒေ၊သက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း ပြောကြားသည်။

> ❖ **နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သတိပြုဆောင်ရွက်ရန် လိုအပ်သည့် “ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း” အခန်းကို အသစ်ဖြည့်စွက်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များကို သင့်လျော်မျှတအောင် ဖြည့်စွက်ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲစနစ်ကိုလည်း တိုင်းရင်းသားလူနည်းစုများအတွက် အခွင့်အရေးပိုမိုရရှိစေပြီး မျှတသည့် ကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်သည့် အချိုးကျ ကိုယ်စားပြုစနစ် (PR စနစ်) ကို ကျင့်သုံးအသုံးပြု ဆောင်ရွက်နိုင်ရေး နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်း သဘောတူဆောင်ရွက်ခဲ့ပြီးဖြစ်**

## အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုစိစစ်ခြင်း

ဆက်လက်ပြီး အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုစိစစ်ခြင်းကို မဲရုံနှင့် မဲရုံသုံးပစ္စည်းများ လျာထားတွက်ချက်ခြင်းများ ဆောင်ရွက်မှုအခြေအနေကို တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိရာ အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အခြေခံမဲဆန္ဒရှင် စာရင်းများပြုစုခြင်းကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မဲစာရင်းပြုစုရာ၌ အခြေခံရမည့် စာရင်းများဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ ၆၆/၆ ကို ရယူပြုစုထားသည့်စာရင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရပ်ကွက်/ ကျေးရွာအလိုက် ကောက်ယူထားသည့် မြေပြင်လူဦးရေစာရင်းတို့ကို ဦးစွာတိုက်ဆိုင်စစ်ဆေးခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တိုက်ဆိုင်စစ်ဆေးပြီးဖြစ်သည့် အခြေခံလူဦးရေစာရင်းများကို ရယူပြီး ကနဦးမဲဆန္ဒရှင်စာရင်းစိစစ်ခြင်းစနစ် ( IVLS ) အသုံးပြုစိစစ်ခြင်းနှင့် တွေ့ရှိချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက မြေပြင်စိစစ်အတည်ပြု၍ ပြန်လည်ပေးပို့သည့် စာရင်းများကို ရယူပြီး လစဉ် Update ပြုလုပ်ခြင်းတို့ဖြင့် မှန်ကန်ပြည့်စုံသည့် အခြေခံမဲဆန္ဒရှင်စာရင်းရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ အထက်ပါစိစစ်ပြုစုထားသည့် အခြေခံမဲဆန္ဒရှင်စာရင်းများကို အခြေခံပြီး မဲရုံအရေအတွက်နှင့် မဲရုံနေရာများ လျာထားသတ်မှတ်ခြင်း၊ လိုအပ်မည့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲရုံသုံးပစ္စည်းများ တွက်ချက်စာရင်းပြုစုခြင်းများကို ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရေးနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ် အတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၅ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ခံအရာရှိများက ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာသူများက အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

## မဲဆန္ဒရှင် စာရင်းများ ပြည့်စုံမှန်ကန်ရေး

တိုင်းဒေသကြီး/ ပြည်နယ်များတွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်းပြီး လစဉ် Update ပြုလုပ်ရေးနှင့် မဲရုံနှင့် မဲရုံသုံးပစ္စည်းများလျာထားတွက်ချက်ခြင်း ညှိနှိုင်းအစည်းအဝေးကို ၅-၁၀-၂၀၂၂ ရက်တွင် ဗီဒီယိုကွန်ဖရန့်စနစ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲအရာရှိများ တက်ရောက်၍လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မြို့နယ် ရှစ်မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး လစဉ်စိစစ်ခြင်းလုပ်ငန်းနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို ၇- ၁၀- ၂၀၂၂ ရက်တွင် လည်းကောင်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ဆောင်ရွက်ရမည့်လုပ်ငန်း လိုအပ်ချက်များကို အသေးစိတ် ပေါင်းစပ်ညှိနှိုင်းရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်တွင် ဆောင်ရွက်မှုများအပေါ်အခြေခံပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်ပြီး ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း၊ အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးမြင့်ကြိုင်၊ ဒေါက်တာမျိုးသိန်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရန့်စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း။

အစည်းအဝေးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လွတ်လပ်ပြီးတရား မျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကဲ့သို့ အမှားများ မဖြစ်စေရေး အဓိကထား ဆောင်ရွက်နိုင်ရန် အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်စေရေး ပထမ အဆင့်အနေဖြင့် နိုင် – ၄ နှင့် ပတ်သက်သည့် စာရင်းဇယားများကို အတိအကျဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွန်ပျူတာစနစ်ဖြင့် စိစစ်ပြီးနောက် ပုံစံ ၆၆/၆ ကို Software နည်းပညာဖြင့် စစ်ဆေးခြင်းဖြစ်ကြောင်း၊ တတိယအဆင့်အနေဖြင့် မြေပြင်တွင် စိစစ်၍ စာရင်းကောက်ယူခြင်းဖြင့် တိကျမှန်ကန်သော လူဦးရေစာရင်းရရှိပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများပြုစုနိုင်မည်ဖြစ်ကြောင်းနှင့် မြေပြင်စာရင်း ကောက်ယူသည့်အခါ မသန်စွမ်းအမျိုးအစား လေးမျိုးစာရင်းကို သေချာစွာ ရေးသားဖော်ပြရန်လိုကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ အပါအဝင် အစည်းအဝေးတက်ရောက်သူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြောင်း ပြောကြားသည်။

## ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးသိန်းစိုး ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် Association of World Election Bodies (A–WEB) ၏ ဖိတ်ကြားချက်အရ တောင်အာဖရိက နိုင်ငံ ကိပ်တောင်းမြို့၌ အောက်တိုဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည့် (၅) ကြိမ်မြောက် အထွေထွေညီလာခံကို တက်ရောက်ခဲ့ကြောင်း၊ အဆိုပါ ညီလာခံသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့အပါအဝင် နိုင်ငံပေါင်း ၆၃ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၁၄၀ ကျော်၊ တောင်အာဖရိကနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့် A–WEB မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း၊ ညီလာခံတွင် ယခင်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည့် အိန္ဒိယနိုင်ငံမှ ဥက္ကဋ္ဌသစ် တာဝန်ယူဆောင်ရွက်မည့် တောင်အာဖရိက နိုင်ငံရွေးကောက်ပွဲကော်မရှင်သို့ A–WEB အဖွဲ့အစည်းအလံပေးအပ်ခြင်း ၊ A–WEB ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့်နိုင်ငံနှင့် Executive Board Member များ ရွေးချယ်ခြင်း၊ ခေါင်းစဉ် ငါးခုဖြင့် ဆွေးနွေးခြင်းအပါအဝင် ကမ္ဘာ့နိုင်ငံ အသီးသီးရှိ ရွေးကောက်ပွဲများတွင် ဒီမိုကရေစီစနစ်၏ ကောင်းမွန်သော အလေ့အကျင့်ကောင်းများ မြှင့်တင်ခြင်းနှင့်

*စာမျက်နှာ ၁၂ သို့*

# လယ်ယာကဏ္ဍအတွက် အရေးပါသည့် ကျွမ်းကျင်သောလူသားအရင်းအမြစ်များ မွေးထုတ်ပေးရေး အလေးပေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

မျိုးဆက်သစ် လူငယ်မောင်မယ်များ၏အနာဂတ် ဖြောင့်ဖြူးသာယာရေး၊ လယ်ယာကဏ္ဍအတွက် အရေးပါသည့် ကျွမ်းကျင်သော လူသားအရင်းအမြစ်များ မွေးထုတ်ပေးရေးအတွက် ဆရာဝတ္တရားကျေပွန်စွာ စေတနာထားကြိုးစား အားထုတ်နေကြသည့် ဆရာကြီး ဆရာမကြီးများကို ကျေးဇူး အထူးတင်ရှိပါကြောင်း ယနေ့နံနက်ပိုင်းက ပျဉ်းမနား စိုက်ပျိုးရေး သိပ္ပံကျောင်း၏ စာသင်နှစ်အလိုက် သင်တန်းများ ပြန်လည်ဖွင့်လှစ်ရေး အကြိုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး က ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အတွင်းတွင် တည်ရှိသော စိုက်ပျိုးရေးသိပ္ပံကျောင်းသည် စိုက်ပျိုးရေးဆိုင်ရာ ပညာရပ်များကို သင်ကြားပေးခဲ့သည်မှာ ယခုအခါတွင် နှစ် ၁၀၀ ဝန်းကျင် ရောက်ရှိခဲ့ပြီးဖြစ်သည့်အားလျော်စွာ ဆောက်လုပ်ခဲ့သော အဆောက်အအုံများသည် ယခုအခါ ရှေးဟောင်း အဆောက်အအုံများအဖြစ် လည်းကောင်း၊ သမိုင်းဆိုင်ရာ မှတ်တမ်းတစ်ခုကို ဖော်ပြပေးနိုင်သော နေရာများအဖြစ် လည်းကောင်း တန်ဖိုးထား ထိန်းသိမ်းရန် လိုအပ်လာသဖြင့် စနစ်တကျ ထိန်းသိမ်းနိုင်ရန်အတွက် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပြီး ရှေးဟောင်းသုတေသနဦးစီးဌာန၏ အကြံပေးချက်နှင့်အညီ ပြုပြင်ထိန်းသိမ်းရမည့်လုပ်ငန်းများအား ရရှိသည့်ရန်ပုံငွေပေါ်မူတည်၍ အပိုင်းလိုက် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် ရှေးမူမပျက် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး ၁၉၂၅ ခုနှစ်က တည်ဆောက်ခဲ့သော အဆောက်အအုံအား အုတ်ကြွပ်မိုးနေမှုကိုလည်းကောင်း၊ ၁၉၂၃ ခုနှစ် အဆောက်အအုံ မွမ်းမံပြုပြင်နေမှုကို လည်းကောင်း၊ ဆိတ်မွေးမြူရေးခြံ၊ နို့စားနွားနှင့် အသားစားနွားခြံ၊ ဥစားကြက်ခြံနှင့် ဥစားဘဲ မွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သို့လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ လည်းကောင်း ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ နှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေး လေ့လာကြိုးစား အားထုတ်ကြရန် အားပေးစကား ပြောကြားကာ အာဟာရ ဖြည့်စွက်စာအဖြစ် ကြက်ဥများ ပေးအပ်သည်။

ထို့နောက် ပထမနှစ် တက်ရောက်သင်ကြားမည့် ကျောင်းအပ်လက်ခံနေမှုကိုလည်းကောင်း၊ အိပ်ဆောင်များကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဒေသအသီးသီးမှ ပထမနှစ်တက်ရောက်သင်ကြားရန် ရောက်ရှိနေကြသည့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ပုသိမ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၂၁**

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ပုသိမ်မြို့နယ် ငွေဆောင်မြို့ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ဒေသခံပြည်သူ ၄၆၂ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၆ ဦး၊ ခွဲစိတ်ရောဂါ ၃၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၂ ဦး၊ ကလေးရောဂါ ၂၈ ဦး၊ အရိုးရောဂါ ၈၈ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၂၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၆ ဦး စုစုပေါင်း ၄၆၂ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ မျက်စိ ခွဲစိတ်လူနာ ၁၁ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၇ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၇၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ သုံးဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာများကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ အခန်းကဏ္ဍတိုးတက်မြင့်မားရေး ပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်းပြီး အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားရှိသည့် တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီအနက် ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ Union Betterment Party (UBP)သည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၁ ရက်စွဲပါစာဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးပါရန် တင်ပြလာခဲ့ကြောင်း၊ ပြည်ထောင်စု ကောင်းကျိုးဆောင်ပါတီ၏ တင်ပြချက်နှင့် စပ်လျဉ်းပြီး အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၉(က)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ကြောင်းနှင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှစ၍ ပါတီကို ဖျက်သိမ်းလိုက်ခြင်းကို ကြေညာချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

### နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအသစ်

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ကျင်းပပေးရမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အကြိုလုပ်ငန်းစဉ်များဖြစ်သည့် ဥပဒေမူဘောင်ဆိုင်ရာများကို ယခင်ရွေးကောက်ပွဲ အတွေ့အကြုံ၊ ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲ စနစ်တို့နှင့်အညီ သုံးသပ်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအသစ်သည် မကြာမီအတည်ပြုပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ကြောင်း၊ ထိုဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲရာတွင် ကျင်းပခဲ့သည့် အထွေထွေ ရွေးကောက်ပွဲများနှင့် နိုင်ငံရေးပါတီများကို စစ်ဆေးခဲ့သည့် အတွေ့အကြုံများကို အခြေခံပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိနိုင်ငံရေးပါတီ ၉၀ ကျော်ရှိသော်လည်း ယခင်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများအနက် အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ်တစ်နေရာ အနိုင်ရရှိသည့် ပါတီပေါင်းသည် ပါတီ ၂၀ ဝန်းကျင်ခန့်ရှိပြီး ပါတီအများစုသည် ကိုယ်စားလှယ်နေရာရရှိမှု မရှိဘဲ ထောက်ခံမဲ ပမာဏကိုကြည့်လျှင် ရာဂဏန်း၊ ထောင်ဂဏန်းသာရရှိသည်ကို တွေ့ရှိရကြောင်း၊ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်း အရေအတွက်ကိုကြည့်လျှင် အနည်းဆုံးမဖြစ်မနေ ယှဉ်ပြိုင်ရမည့် ကိုယ်စားလှယ်ဦးရေ သုံးဦးသာ အိမ်ပြည့်အနေဖြင့် ယှဉ်ပြိုင်သည့်ပါတီများကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည့်အတွက် ခိုင်မာအားကောင်းသည့် နိုင်ငံရေး ပါတီများဖြစ်ပေါ်လာရေးရည်ရွယ်ပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို အသစ်ပြဋ္ဌာန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း။

> ❍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မည်သည့်ရွေးကောက်ပွဲတွင်မဆို မဲဆန္ဒရှင် ၁၀၀ ရာခိုင်နှုန်း ပါဝင်မဲပေးကြခြင်းမရှိသော်လည်း နိုင်ငံတစ်ဝန်းအကြားအလပ်မရှိ ကျင်းပနိုင်ရေးနှင့် အများစု ပါဝင်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိ

### နိုင်ငံတစ်ဝန်းအကြားအလပ်မရှိ ကျင်းပနိုင်ရေးနှင့် အများစုပါဝင်နိုင်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို အာမခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ရှေ့လုပ်ငန်းစဉ်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မည်သည့်ရွေးကောက်ပွဲတွင်မဆို မဲဆန္ဒရှင် ၁၀၀ ရာခိုင်နှုန်း ပါဝင်မဲပေးကြခြင်းမရှိသော်လည်း နိုင်ငံတစ်ဝန်းအကြားအလပ်မရှိ ကျင်းပနိုင်ရေးနှင့် အများစုပါဝင်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် ရွေးကောက်ပွဲများသည် အလွန်အရေးကြီးသည့်အတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သော်လည်း နိုင်ငံခြားတိုင်းပြည်အချို့က အပြုသဘောမဆောင်ဘဲ ဝေဖန်မှုများ ပြုလုပ်နေခြင်းများသည် မြန်မာနိုင်ငံအပေါ် ထားရှိသည့် ၎င်းတို့၏ သဘောထား မည်သို့ရှိသည်ကို ဝေဖန်လေ့လာဆန်းစစ်လျှင် တွေ့ရှိရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများ ကျင်းပသည့် အတွေ့အကြုံရှိပြီး ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီများ၏ အခြေအနေကိုလည်း သိရှိထားပြီးဖြစ်သဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ဆောင်ရွက်နိုင်မည့်ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ရွေးချယ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် လုပ်ငန်းစဉ်(၁)ပါ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဟနွိုင်းမြို့၌ ယာဉ်ကြောပိတ်ဆို့မှုနှင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုလျှော့ချရန် စက်ဘီးအငှားဝန်ဆောင်မှုစမ်းသပ်ဆောင်ရွက်နေ




ဟနွိုင်း နိုဝင်ဘာ ၂၁

**ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဟနွိုင်းသည် ယာဉ်ကြောပိတ်ဆို့မှုနှင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု လျှော့ချရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ၎င်းမြို့တော်ရှိ ခရိုင်များအတွင်း စက်ဘီးအငှား ဝန်ဆောင်မှုများကို စမ်းသပ်ဆောင်ရွက်သွားရန် စဉ်းစားနေကြောင်း နိုဝင်ဘာ ၂၁ ရက်၌ ဒေသတွင်း မီဒီယာ၏ဖော်ပြချက်အရ သိရသည်။**

အဆိုပါစက်ဘီးအငှားဝန်ဆောင်မှုကို ၁၂ လတာ ကာလအတွင်း ခရိုင်ခြောက်ခု၌ စက်ဘီးငှားရမ်းနေရာ ၉၄ ခုနှင့် စက်ဘီးအစီးရေ ၁၀၀၀ ဖြင့် ဆောင်ရွက်သွားမည်ဟု ဒေသတွင်း သတင်းစာ ဗီယက်နမ်နယူးစ်တွင် ဖော်ပြထားသည်။

မိနစ် ၃၀ အသုံးပြုမှုတိုင်းအတွက် ပုံမှန်စက်ဘီး တစ်စီးလျှင် ဗီယက်နမ်ဒေါင် ၅၀၀၀ (အမေရိကန်ဒေါ်လာ ၀ ဒသမ ၂ ဒေါ်လာ)နှင့် လျှပ်စစ်စက်ဘီးတစ်စီးလျှင် ဗီယက်နမ်ဒေါင် ၁၀၀၀၀ (အမေရိကန်ဒေါ်လာ ၀ ဒသမ ၄ ဒေါ်လာ) ကုန်ကျသင့်မည်ဟု ဆိုသည်။

သက်ဆိုင်ရာအစုရှယ်ယာရှင်များ၏ ယူဆချက်များ၊ ဝန်ဆောင်မှု၏အကျိုးရလဒ်နှင့် ထိရောက်မှုများအပေါ် အခြေခံ၍ ဟနွိုင်းမြို့တော် သယ်ယူပို့ဆောင်ရေးဌာနအနေဖြင့် အဆိုပါ စက်ဘီးအငှားဝန်ဆောင်မှုကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

စက်ဘီးအငှားဝန်ဆောင်မှုကို ရှေ့ပြေးစီမံချက်အနေဖြင့် ဟိုချီမင်းစီးတီး၊ ဖွန်တောင်၊ ဟိုင်ဒေါင် စသည့် မြို့များအပါအဝင် ဒေသအချို့တွင် စမ်းသပ်လုပ်ဆောင်သွားမည်ဟု ဆိုသည်။ **ဆင်ဟွာ**



လျှင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ထိခိုက်ဒဏ်ရာရရှိသူများကို ဘေးလွတ်ရာသို့ တာဝန်ရှိသူများ ပြောင်းရွှေ့ပေးနေမှုကို နိုဝင်ဘာ ၂၁ ရက်က တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ ငလျင်လှုပ်မှုဖြစ်ပွားပြီး ၆၂ ဦးထက်မနည်း သေဆုံး

**ဂျကာတာ နိုဝင်ဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ နိုဝင်ဘာ ၂၁ ရက်က ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်မှုဖြစ်ပွားရာ ၆၂ ဦးထက်မနည်း သေဆုံးကာ ၂၅ ဦး ပျောက်ဆုံးနေဆဲဖြစ်ပြီး အခြား ၇၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

လူပေါင်း ၅၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူများကို စီအန်ဂျာခရိုင်ရှိ ဆေးရုံများ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ အဆိုပါငလျင်ကြောင့် လူနေအိမ်နှင့် အဆောက်အအုံများစွာ ပျက်စီးမှုဖြစ်ပွားခဲ့သည့်အပြင် တံတားတစ်စင်းလည်း ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ငလျင်ကြောင့် သေဆုံးသူအရေအတွက် စုစုပေါင်း ၆၂ ဦးအထိရှိလာပြီး အခြား ၇၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် လျှော့ပါးသက်သာရေးဆိုင်ရာ အမျိုးသားအေဂျင်စီမှ အကြီးအကဲဖြစ်သူ ဆူဟာရန်တို က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အနောက်ဂျာဗားပြည်နယ် စီအန်ဂျာခရိုင်သည် ငလျင်ဒဏ် အပြင်းအထန်ခံစားရသည့် ဒေသများထဲမှ တစ်ခုဖြစ်ကြောင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိဗေဒအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားရသူများကို ရှာဖွေကယ်ဆယ်ရန်အတွက် ငလျင်ဒဏ်သင့်ဒေသများသို့ ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ထားပြီးဖြစ်ကြောင်း ပြည်နယ်ရှာဖွေကယ်ဆယ်ရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဂျိုရှူအာ ဘန်ဂျာနာဟာက ဖုန်းဆက်သွယ်မှုမှတစ်ဆင့် ဆင်ဟွာသို့ ပြောသည်။

အဆိုပါ ငလျင်သည် အနောက်ဂျာဗားပြည်နယ် စီအန်ဂျာခရိုင်၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာအကွာတွင် ဗဟိုပြု၍ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၁ မိနစ်တွင် လှုပ်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

# တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ကူးစက်သူ ၂၃၀၉၁ ဦးတွေ့ရှိ

**ဆိုးလ် နိုဝင်ဘာ ၂၁**

တောင်ကိုရီးယားနိုင်ငံ၌ နိုဝင်ဘာ ၂၀ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၂၃၀၉၁ ဦး စစ်ဆေးတွေ့ရှိကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၂၁ ရက်တွင် ပြောသည်။

ထပ်မံကူးစက်ခံရသူများအနက် ၆၁ ဦးသည် ပြည်ပပြန်ကူးစက်မှု ဖြစ်သည့်အတွက် စုစုပေါင်း ပြည်ပပြန်ကူးစက်သူ ၇၀၈၇၁ ဦးအထိ ရှိလာပြီဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၌ရောဂါကူးစက်ခံရပြီး ပြင်းထန်သော အခြေအနေတွင်ရှိသူ ၄၆၅ ဦး ရှိပြီး ယခင်ရက်ကထက် ၁၄ ဦး တိုးလာကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၃၅ ဦးရှိသည့်အတွက် စုစုပေါင်း သေဆုံးသူ ၃၀၀၆၆ ဦးအထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံအနောက်တောင်ပိုင်း၌ ခိုအောင်းနေသည့် ရှားပါးတောရိုင်း တိရစ္ဆာန်မျိုးစိတ် ၂၀ ကို ကင်မရာထောင်ချောက်ဖြင့် ဖမ်းယူ

**ဖနောင်ပင် နိုဝင်ဘာ ၂၁**

ကမ္ဘောဒီးယားနိုင်ငံ အနောက်တောင်ပိုင်း ခို့ခေါင်ပြည်နယ်တွင် ခိုအောင်းနေသည့် ရှားပါးတိရစ္ဆာန်မျိုးစိတ် ၂၀ ကို မကြာသေးမီက ကင်မရာထောင်ချောက်ဖြင့် ဖမ်းယူနိုင်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အတွင်းရေးမှူး နက်ပီခ်တ္ထာ က နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ကင်မရာ ထောင်ချောက်များကို ဩဂုတ် ၈ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ ခိုအောင်းနေထိုင်သည့်နေရာ ၃၄ ခုတွင် ဖြန့်ကြက်ထားကြောင်း ၎င်းက သတင်း ထုတ်ပြန်ချက်တွင် ပြောကြားသည်။ အခြားနို့တိုက်သတ္တဝါများနှင့် ငှက်များကဲ့သို့ ရှားပါးတောရိုင်း တိရစ္ဆာန်မျိုးစိတ် ၂၀ ကို ကင်မရာထောင်ချောက်က မှတ်တမ်းတင်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

သင်းခွေချပ် **(အောက်ပုံ)**၊ အမွေးထူသော ဖျံများ၊ မြောက်ပိုင်း ဝက်မြီးမျောက်များ၊ အမြီးရှည်မျောက်များ၊ တံငါကြောင်များ၊ ခွေးတူဝက်တူများ၊ကျားသစ်ကြောင်၊ အရှေ့အာရှ ဖြူကောင်များ၊ အနီရောင် ချေများ စသည်တို့ကို မှတ်တမ်းတင်နိုင်ကြောင်း အာဏာပိုင်များက ထုတ်ပြန်ထားသည်။ ကမ္ဘောဒီးယားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံတစ်ဝန်း ဇီဝမျိုးစုံမျိုးကွဲ စကြံ်များနှင့် ထိန်းသိမ်းရေးနယ်မြေ ၇၆ နေရာ သတ်မှတ်ထားကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**



# ခရီးသွားလုပ်ငန်းမြှင့်တင်ရန် လာမည့်နှစ်မတ်လတွင် နိုင်ငံတကာခရီးသည်တင် အပျော်စီးသင်္ဘော ကိုးစင်းရောက်ရှိနိုင်ဟု သီရိလင်္ကာနိုင်ငံ ခန့်မှန်း

ကိုလံဘို နိုဝင်ဘာ ၂၁

**လာမည့်နှစ် မတ်လမတိုင်မီ နိုင်ငံတကာခရီးသည်တင် အပျော်စီးသင်္ဘော ကိုးစင်း သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားပြီး နိုင်ငံ၏ခရီးသွားကဏ္ဍနှင့် လိုအပ်လျက်ရှိသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းကို မြှင့်တင်သွားနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးက နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။**

ကိုဗစ်-၁၉ ကပ်ရောဂါ စတင်သည့် အချိန်မှစကာ ပြီးခဲ့သည့် သီတင်းပတ်က ခရီးသည် ၈၈၀ လိုက်ပါသည့် ပထမဆုံး နိုင်ငံတကာ အပျော်စီးသင်္ဘောကို သီရိလင်္ကာနိုင်ငံမှ ကြိုဆိုခဲ့ကြောင်း ဆိပ်ကမ်း၊ သင်္ဘောနှင့် လေကြောင်းဝန်ကြီး နီမာ ဆီရီပါလာဒီ ဆယ်ဗာက လွှတ်တော်တွင် ပြောကြားသည်။ ခရီးသည် ၃၀၀၀ ပါသည့် အခြားအပျော်စီးသင်္ဘောတစ်စင်းမှာ နိုဝင်ဘာ ၂၈ ရက်တွင် ကိုလံဘိုဆိပ်ကမ်းသို့ ရောက်ရှိရန် စီစဉ်ထားကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါ၊ နိုင်ငံရေးမတည်ငြိမ်မှုနှင့် မကြာသေးမီက ဖြစ်ပွားသော ပဋိပက္ခများကြောင့် ခရီးသွားကဏ္ဍ ပြိုလဲသွားခဲ့သော်လည်း လက်ရှိတွင် ကောင်းမွန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။ သီရိ လင်္ကာ၏ ခရီးသွားလုပ်ငန်း ဝင်ငွေသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ အောက်တိုဘာလအထိ အမေရိကန် ဒေါ်လာ ၁ ဘီလီယံကျော် ရရှိကြောင်း နိုင်ငံ၏ ဗဟိုဘဏ်မှ ထုတ်ပြန်သည့် အချက်အလက်အရ သိရသည်။ **ဆင်ဟွာ**

# ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများနှင့်တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုပေးပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၁**

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ကျင်းပပြုလုပ်ပြီး အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ အားကစားရုံများတွင် ကျင်းပသည်။

ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ် အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ တပ်မတော်အရာရှိကြီးများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဦးစွာ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ (၄၀၀) လေးယောက်တွဲ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနည်းများအလိုက် တစ်ဦးချင်းဆုရရှိသူများနှင့် အမျိုးသားတံခွန်စိုက်ဒိုင်း၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းရရှိသည့် အသင်းများကို တပ်မတော်အရာရှိကြီးများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် ရမှတ် ၃၃၆ မှတ်ဖြင့် အမျိုးသား/ အမျိုးသမီးစုပေါင်းတံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေး ဦးစီးချုပ်ရုံး (လေ)အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး က အမျိုးသား/အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆနှင့် ဆင့်ပွားဒိုင်းဆုကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ယာပုံ)**

ထို့ပြင် ၂၀၂၂ ခုနှစ် (၂၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်အဖြစ် (ကုမိတဲ့နှင့်ခတ) လူသစ်တန်း/အကြီးတန်း ပြိုင်ပွဲများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အားကစားရုံ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တပ်မတော်ကရာတေးကော်မတီဥက္ကဋ္ဌ၊ တပ်ထိန်းချုပ် ဗိုလ်ချုပ် သက်ထွန်းဦးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစား သမားများနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တစ်ဦးချင်းဆုတံဆိပ်များနှင့် အကောင်းဆုံးအားကစားသမားဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး လူသစ်တန်းပြိုင်ပွဲတွင် ရွှေ သုံးခု၊ ကြေး သုံးခုဖြင့် လူသစ်တန်းဒိုင်းဆုရရှိသည့် တပ်မတော်(ရေ)အသင်းနှင့် အကြီးတန်းပြိုင်ပွဲတွင် ရွှေ သုံးခု၊ ကြေး တစ်ခု အကြီးတန်းဒိုင်းဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ကို တပ်မတော်ကရာတေးကော်မတီ ဥက္ကဋ္ဌ၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်သက်ထွန်းဦးက ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

**တံခွန်စိုက်ဒိုင်းဆုချီးမြှင့်**

ထို့နောက် ၂၀၂၂ ခုနှစ် (၂၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)ကရာတေးပြိုင်ပွဲတွင် ရွှေ ငါးခု၊ ငွေ တစ်ခု၊ ကြေး တစ်ခုဖြင့် တံခွန်စိုက်ဒိုင်းဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်က တံခွန်စိုက်ဒိုင်းဆုအား ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း ၊ ရေ ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ အားကစားရုံ၌ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ် ကိုကိုလွင်၊ ဗိုလ်မှူးချုပ် ကျော်ကျော်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်၊ တပ်မတော်အရာရှိကြီးများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီးနောက် ဆုပေးပွဲအခမ်းအနားကျင်းပရာ အသက် ၂၅ နှစ်အောက် နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲနှင့် အသက် ၂၅ နှစ်အောက် သုံးယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများ၊ အလွတ်တန်း သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ၊ အလွတ်တန်း လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများ၊ အလွတ်တန်း နှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။



**ပထမဒိုင်းဆုများ ချီးမြှင့်**

ထို့နောက် အသက် ၂၅ နှစ်အောက် နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ ဆုဒိုင်းဆုနှင့်အသက် ၂၅ နှစ်အောက် သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုဒိုင်းဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အလွတ်တန်း သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဒိုင်းဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြုအသင်းများကို ဗိုလ်မှူးချုပ် ကျော်ကျော်က ပထမဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အလွတ်တန်း လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဒိုင်းဆု ရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အလွတ်တန်း နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဒိုင်းဆုရရှိသည့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံး၊ ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် ဗိုလ်ချုပ် ကိုကိုလွင်က ပထမဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)၌ ဝိတ်တန်းအလိုက် ပြိုင်ပွဲများနှင့် (ခ)အဆင့်တစ်ဦးချင်း (ကကွက်)၊ (ခ)အဆင့်အသင်းလိုက်(ကကွက်) ရှုံးထွက် ပွဲစဉ်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)၌အမျိုးသား/အမျိုးသမီး တတိယနေရာလုပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ ခွဲမှူးဆရာအဆင့် ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲ၊ အတိုက်ပွဲစဉ်တွင် အမျိုးသားကီလိုတန်းအလိုက်ဗန်တို အတိုက်ပြိုင်ပွဲ၊ ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲများကိုလည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

**တက်ရောက်ကြည့်ရှုအားပေး**

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစား သမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ဒေသခံပြည်သူ ၁၁၀ ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၈၉၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့မှ ဒေသခံပြည်သူ ၄၀၀ ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၀၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၃၆၂ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ ပေးဝေ လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

သို့သော်လည်း အင်္ဂလန်အသင်း၏ ခက်ထန်မာကျောသည့် ကစားဟန်ကြောင့် အီရန်အသင်း၏ ကစားဟန်ပုံစံပျက်ခဲ့ပြီး သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရကာ ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

**ဦးဆောင်ဂိုးခွင့်ပြု**

ပွဲချိန် မိနစ် ၂၀ တွင် အီရန်အသင်းမှ ဂိုးသမား ဘီရန်ဗန်း ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် ဟော့ဆီနီဖြင့် လူစားလဲခဲ့ရသည်။ ယခုပွဲစဉ်အတွက် အဖွင့်ဂိုးကို အင်္ဂလန်အသင်းက ပွဲချိန် ၃၅ မိနစ်တွင် ရရှိခဲ့ပြီး ဘယ်လင်ဂမ်က သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရသော်လည်း အီရန်အသင်း၏ ကစားအား တက်လာခြင်းမရှိဘဲ အင်္ဂလန်အသင်း၏ သွင်းဂိုးများကို ဆက်တိုက်ခွင့်ပြုပေးခဲ့ရသည်။ အင်္ဂလန်အသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ပွဲချိန် ၄၄ မိနစ်နှင့် ၄၅ မိနစ်တွင် ဆာကာနှင့် စတားလင်းတို့က သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အင်္ဂလန်အသင်းကသာ အီရန်အသင်းကို တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့ပြီး သွင်းဂိုးများရရှိခဲ့သည်။ အင်္ဂလန်အသင်းအတွက် စတုတ္ထဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ဆာကာက ထပ်မံသွင်းယူနိုင်ခဲ့သည်။ အီရန်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၅ မိနစ်တွင်ရရှိခဲ့ပြီး တာရီမီက သွင်းယူပေးခဲ့သည်။ အင်္ဂလန်အသင်းအတွက် ပဉ္စမဂိုးနှင့် ဆဋ္ဌမဂိုးကို လူစားဝင်ကစားသမားများဖြစ်ကြ သည့် ရက်ဖို့ဒ်နှင့် ဂရီးလစ်ချ်တို့က သွင်းယူခဲ့သည်။ ပွဲချိန်ပြည့်ခါနီးတွင် အီရန်အသင်း ပယ်နယ်တီကန်သွင်းခွင့် ရရှိခဲ့ပြီး တာရီမီက အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည်။

**နယ်သာလန်တို့ ဆီနီဂေါကိုအနိုင်ရ**

အုပ်စု (က) မှ ပွဲစဉ် တစ်ပွဲဖြစ်သည့် ဆီနီဂေါနှင့် နယ်သာလန်တို့ပွဲတွင် နယ်သာလန်က နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်မှုများ ရှိခဲ့ပြီး ဂိုးမရှိ သရေဖြစ်ခဲ့သည်။ ဒုတိယပိုင်းတွင် ဆီနီဂေါက အခွင့်အရေးပိုမိုရခဲ့ပြီး ပွဲချိန် ၈၄ မိနစ်တွင် နယ်သာလန်မှ ဒီဂျောင်း၏ ပေးပို့မှုမှတစ်ဆင့် ဂက်ပိုက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ လေလွင့်အချိန်ပို ၈ မိနစ်တွင် နယ်သာလန်မှ ကလာဆင်က ဒုတိယဂိုး ထပ်မံသွင်းယူပေးခဲ့သဖြင့် နယ်သာလန်တို့ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု (က) တွင် အီကွေဒေါနှင့် နယ်သာလန်တို့ သုံးမှတ်စီရရှိနေပြီး ကာတာနှင့် ဆီနီဂေါတို့ အမှတ်မရရှိသေးပေ။

**အောင်ဇော်**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

(၂၁–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၉) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၉၆,၆၃၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၀၄၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၄၁၂) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၇) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၀) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂–၁၁–၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၉၀ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၅ | ၂၁၇၀ | ၂၁၈၅ | ၂၀၈၀ | ၂၀၉၀ | ၂၁၂၅ | ၂၁၂၅ | ၂၁၂၅ | ၂၃၄၅ | ၂၉၂၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၅ | ၂၂၆၅ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၁၄၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၃၀ | ၂၅၀၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၀၅ | ၂၅၁၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၀ | ၂၇၇၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၄၅ | ၂၅၉၀ | ၂၅၈၅ | ၂၅၅၀ | ၂၅၉၀ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၅ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၀ | ၂၅၉၀ | ၂၆၂၅ | ၂၆၂၅ | ၂၆၂၅ | ၂၈၄၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၅၄၅ | ၂၅၉၀ | ၂၅၈၅ | ၂၅၅၀ | ၂၅၉၀ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၅ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၀ | ၂၅၉၀ | ၂၆၂၅ | ၂၆၂၅ | ၂၆၂၅ | ၂၈၄၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၃ | ၂၀၁၆ |
| 95 Ron | ၂၀၃၉ | ၂၁၁၄ |
| HSD (500 ppm) | ၂၃၅၅ | ၂၄၃၂ |
| HSD (50 ppm) | ၂၄၂၉ | ၂၅၀၇ |
| HSD (10 ppm) | ၂၄၂၉ | ၂၅၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရှင်းသန့်စေသော မြန်မာနိုင်ငံ၏ ဌာနေငှက်မျိုးစိတ် “ လင်းတ ”



## သဘာဝပတ်ဝန်းကျင်ကို

....................

သိန်းညွန့်(PZL)

....................

**“လင်းတ”** ဟု ဆိုလိုက်ပါလျှင် ကံမကောင်းစေသောငှက်၊ ကြမ္မာဆိုးကြုံစေမည့်ငှက်၊ ကျက်သရေမဲ့သည့်ငှက်အဖြစ် အများက ရှုမြင်ယူဆကြကာ ရွံရှာလေ့ရှိကြသည်။ အကယ်စင်စစ် လင်းတသည် လူသားတို့၏ လူမှုစီးပွားနှင့် ကျန်းမာရေးတို့ကို ဖျက်ဆီးခြင်း အလျဉ်းမရှိဘဲ လူသားတို့အတွက် ရောဂါဘယဖြစ်စေနိုင်သော အပုပ်အသိုး၊ အနံ့အသက်များကို ဖယ်ရှားရှင်းသန့်စေသော အကျိုးပြုသည့်ငှက်မျိုးစိတ် ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် လင်းတငှက်မျိုးစိတ် ခြောက်မျိုးရှိကာ အရှေ့တောင်အာရှတစ်ခွင်တွင် လင်းတငှက်အများဆုံး နေထိုင်ကျက်စားကြသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။ မြန်မာနိုင်ငံ၌ လင်းတငှက်များကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နေရာဒေသအချို့၌တွေ့ရှိရကြောင်း သိမှတ်ရသည်။

ဟိမဝန္တာလင်းတနှင့် လင်းတမဲတို့သည် မြန်မာနိုင်ငံသို့လာရောက်ဆောင်းခိုသော လင်းတငှက်များဖြစ်ကြပြီး လင်းတဖြူသည်ကား ပုံမှန်လာရောက်၍ ဆောင်းခိုကျက်စားလေ့မရှိသော ငှက်မျိုးစိတ်ဖြစ်သည်။

**ဌာနေငှက်မျိုးစိတ်များ**

လင်းတကျောဖြူ၊ နှုတ်သီးရှည်လင်းတ၊ လင်းတခေါင်းနီ စသည့်ငှက်မျိုးစိတ် သုံးမျိုးမှာ မြန်မာနိုင်ငံ၏ ဌာနေငှက်မျိုးစိတ်များဖြစ်ကြပြီး အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့၏ သတ်မှတ်ချက်အရ မျိုးသုဉ်းပျောက်ကွယ်လုနီးဖြစ်နေသော Critically Endangered ငှက်မျိုးစိတ်များ ဖြစ်ကြသည်။

**ကောင်ရေကျဆင်းလာ**

အာရှနိုင်ငံများအနက် မြန်မာအပါအဝင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင်သာ လင်းတများ ကျန်ရှိပြီး ကောင်ရေကျဆင်းလာနေကြောင်း သိမှတ်ရသည်။

မြန်မာနိုင်ငံ၌ လင်းတငှက် အများဆုံးကျက်စားရာဒေသအဖြစ် အင်းတော်ကြီးဇီဝအဝန်းနယ်မြေတွင် တွေ့ရှိရသည်။

လင်းတကောင်ရေကျဆင်းလာခြင်းကို ထိန်းသိမ်းကာကွယ်ရန်အတွက် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA)၊ WCS၊ FFI၊ WWF၊ MBNS၊ FOW နှင့် MAV(Myanmar Veterinary Association) တို့ပူးပေါင်းကာ **မြန်မာနိုင်ငံ လင်းတငှက်မျိုးစိတ် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့**ကို ၂၀၁၈ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။

**သဘာဝသန့်ရှင်းရေးသမား**

လူသားတို့၏ပတ်ဝန်းကျင်တွင် ရောဂါဘယဖြစ်ပွားစေတတ်သော ဇက်တီးရီးယားပိုးများကို သုတ်သင်ဖယ်ရှားသည့် လင်းတငှက်များကို သဘာဝသန့်ရှင်းရေးသမားဟု ခေါ်ဝေါ်ကြပြီး စည်ပင်သာယာငှက်အဖြစ်လည်း တင်စားပြောဆိုကြလေ့ရှိပေသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်း လင်းတငှက်များ ရေရှည်တည်တံ့ ကျက်စားနေထိုင်နိုင်ရေးအတွက် အင်းတော်ကြီးဇီဝအဝန်းနယ်မြေကို ကာကွယ်ရေးဇုန်တစ်ခုအဖြစ် စီမံချက်များချမှတ် ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

> **“ လူသားအကျိုးပြုလင်းတငှက်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ကာ နှစ်စဉ်စက်တင်ဘာလ၏ပထမပတ် စနေနေ့ကို နိုင်ငံတကာလင်းတငှက်များ ပညာပေးရေးနေ့** (International Vulture Awareness Day) **အဖြစ် သတ်မှတ်ကာ နိုင်ငံတကာနှင့် မြန်မာနိုင်ငံ၌ပါ ပညာပေးအစီအစဉ်များ ဖော်ဆောင်လျက်ရှိ ”**

**ကောင်ရေ ၃၀ နှင့်၄၀ ကြားမျှသာ ကျန်ရှိ**

ကွင်းဆင်းစာရင်းကောက်ယူချက်အရ လင်းတကောင်ရေ ၃၀ နှင့် ၄၀ ကြားမျှသာ ကျန်ရှိတော့ကြောင်း အပြည်ပြည်ဆိုင်ရာတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့ - မြန်မာ(FFI) က ခန့်မှန်းထားသည်။

**ပညာပေးအစီအစဉ်များ**

လူသားအကျိုးပြုလင်းတငှက်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ကာ နှစ်စဉ်စက်တင်ဘာလ၏ပထမပတ် စနေနေ့ကို နိုင်ငံတကာလင်းတငှက်များ ပညာပေးရေးနေ့(International Vulture Awareness Day) အဖြစ် သတ်မှတ်ကာ နိုင်ငံတကာနှင့် မြန်မာနိုင်ငံ၌ပါ ပညာပေးအစီအစဉ်များ ဖော်ဆောင်လျက်ရှိပေရာ လင်းတငှက်များအပေါ် ရွံရှာမုန်းတီးစိတ် မထားဘဲ အကောင်းမြင်စိတ်ဖြင့် ကြည့်ရှုဆင်ခြင်ကာ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ကြရန် အသိပေးလှုံ့ဆော်လိုက်ရပါသည်။ ။



















# အင်းတော်ကြီးအိုင်၌ ရေဝတီမြစ်အတွင်းကျက်စားကြသည့် ငါးမျိုးစိတ်များ သန်းနှင့်ချီကာ ဥဥသားပေါက်လျက်ရှိ

**မိုးညှင်း နိုဝင်ဘာ ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးအိုင်သည် ရေဝတီမြစ်နှင့် ဆက်စပ်လျက်ရှိရာ ရေဝတီမြစ်အတွင်း၌ နေထိုင်ကျက်စားကြသည့် ငါးမျိုးစိတ်များ ဥဥသားပေါက်သည့်နေရာတစ်ခုဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန အင်းတော်ကြီးဒေသရုံးခွဲမှ သိရသည်။

မြန်မာနိုင်ငံမြောက်ပိုင်းရှိ ချောင်းငယ်၊ မြစ်ငယ်များသည် ရေဝတီမြစ်အတွင်းသို့ စီးဝင်ကြပြီး ရေဝတီမြစ်အတွင်း၌ ငါးမျိုးစိတ်များ မျိုးစုံနေထိုင်ကျက်စားလျက်ရှိရာ ငါးမျိုးစိတ်အများစုသည် ရေသေတွင် ဥဥသားပေါက်လေ့ရှိကြပြီး ရေကြီးရေလျှံချိန် မိုးရာသီကာလတွင် အင်းတော်ကြီးအိုင်အတွင်းသို့ ဝင်ရောက်၍ ငါးမျိုးစိတ်ပေါင်းစုံတို့က သန်းနှင့်ချီကာ ဥဥသားပေါက်လေ့ရှိကြောင်း၊ ယင်းမြစ်အတွင်းရှိ ငါးမျိုးစိတ်များက ရွှေတောင်(ချောင်းဝ) ချောင်းမှတစ်ဆင့် အင်းတော်ကြီးအိုင်အတွင်းသို့ ဝင်ရောက်ကာ ဥဥသားပေါက်၊ မျိုးပွားကြပြီးမှ ရေဝတီမြစ်နှင့် အခြားမြစ်ချောင်းများသို့ ပြန်လည်ပျံ့နှံ့၍ ကျက်စားလျက်ရှိကြကြောင်း သိရသည်။

အင်းတော်ကြီးအိုင်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးရေချိုအိုင်ဖြစ်၍ အရှေ့တောင်အာရှတွင် တတိယအကြီးဆုံးအိုင်ဖြစ်ပြီး နို့တိုက်သတ္တဝါမျိုးစိတ် ၃၀ ကျော်၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ မျိုးစိတ် ၈၀ ကျော်၊ ငှက်မျိုးစိတ် ၃၀၀ ကျော်နှင့် ငါးမျိုးစိတ် ၉၀ ကျော်တို့ နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။



ရွှေမိုးညှင်း

# ရာသီဥတုဆိုင်ရာ တရားမျှတမှု ပန်းတိုင်ဆီသို့ ဦးတည်သည့် ပထမဆုံးခြေလှမ်းသစ်စတင်

**ကမ္ဘာ**ကြီးပူနွေးလာမှု၏ သက်ရောက်မှုကြောင့် ထိခိုက်လွယ်သောနိုင်ငံများ၏ ပျက်စီးဆုံးရှုံးမှုများကို ကာမိစေရန်အတွက် တစ်နှစ်လျှင် ဒေါ်လာဘီလီယံ ၁၀၀ စုဆောင်းမည့် အထူးရန်ပုံငွေတစ်ရပ် ထူထောင်မည့် ဆုံးဖြတ်ချက်တစ်ခုကို အီဂျစ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂ၏ (၂၇)ကြိမ်မြောက် ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး (COP27)က နိုဝင်ဘာ ၂၀ ရက်တွင် အတည်ပြုလိုက်သည်။

**သီဟစည်သူ**

အဆိုပါ ရန်ပုံငွေအစီအစဉ်တွင် ဩစတြီးယားက ဒေါ်လာ သန်း ၅၀၊ ဒိန်းမတ်က ဒေါ်လာ ၁၃ သန်းနှင့် စကော့တလန်က ဒေါ်လာ ရှစ်သန်းတို့ ပါဝင်မည်ဖြစ်သည့်အပြင် ဂျီ-၇ ထိပ်သီးအစည်းအဝေးတွင် အတည်ပြုထားသည့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်သူများအား ထောက်ပံ့ရေးအစီအစဉ် (Global Shield) ပရောဂျက်အတွက်လည်း ဂျာမနီက သန်း ၂၀၀ ပါဝင်ရန် ကတိပြုထားသည်။

"ဒါဟာ အာဖရိကလူမျိုး ၁ ဒသမ ၃ ဘီလီယံရဲ့ အလွန်ကောင်းတဲ့ရလဒ်ပါပဲ"ဟု ဇမ်ဘီယာနိုင်ငံ၏ အစိမ်းရောင်စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ကော်လင်းအန်ဖိုဗူက ဆိုသည်။




ကမ္ဘာကြီးပူနွေးမှုကို အဓိကဖြစ်ပေါ်စေသည့် တောမီးများလောင်နေမှုကို တွေ့ရစဉ်။

သို့သော်လည်း COP27 အစည်းအဝေး၏ ဆုံးဖြတ်ချက်အများအပြားနှင့် ဓာတ်ငွေ့ထုတ်လွှတ်မှု အမြန်လျှော့ချရေး တောင်းဆိုမှုအပါအဝင် စက်မှုမတိုင်မီအဆင့်မှ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ ကမ္ဘာကြီးပူနွေးလာမှုကို ကန့်သတ်ထားရန် မျှော်မှန်းချက်ပန်းတိုင်ကို ပြည့်မီရေး တောင်းဆိုမှုများကဲ့သို့သော ကတိကဝတ်များစွာကိုမူ ကမ္ဘာ့နိုင်ငံအများအပြားက ချိုးဖောက်လျက်ရှိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောဆိုလိုက်သည်။

ကျွန်ုပ်တို့ နေထိုင်ရာကမ္ဘာကြီးသည် လက်ရှိအချိန်ထိ အရေးပေါ်အခြေအနေ ရောက်ရှိနေသေးကြောင်း၊ ယခုပင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သိသိသာသာ လျှော့ချရန်လိုအပ်ပြီး ယင်းသည် ဤရာသီဥတုဆိုင်ရာ အစည်းအဝေးကြီးမှ မဖြေရှင်းနိုင်သော ပြဿနာတစ်ရပ်ပင်ဖြစ်နေကြောင်း ၎င်းက ဆိုသည်။

**ရာသီဥတုပြောင်းလဲမှုကြောင့် ဆုံးရှုံးမှုနှင့် ပျက်စီးမှုများသည် ကမ္ဘာကြီး၏ ကာဗွန်လေထုညစ်ညမ်းမှုကို မည်မျှလျှော့ချနိုင်မည်ဆိုသည့် အပေါ်တွင် မူတည်နေပြီး ၂၀၁၈ ခုနှစ်က ပြုလုပ်ခဲ့သည့် သုတေသနစစ်တမ်းတစ်ခုအရ ပြီးခဲ့သော ဆယ်စုနှစ်နှစ်စုအတွင်း ထိခိုက်လွယ်သော နိုင်ငံ ၅၅ နိုင်ငံ၌ ရာသီဥတုနှင့် ဆက်စပ်သော ဆုံးရှုံးမှုစုစုပေါင်း ဒေါ်လာ ၅၂၅ ဘီလီယံခန့်ရှိကြောင်း ခန့်မှန်းထား**



ဆုံးရှုံးမှုနှင့် ပျက်စီးမှုများဆိုသည်မှာ ကျယ်ပြန့်လှသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများဖြစ်ပြီး ရေကြီးမှုများကြောင့် လမ်း၊ တံတားများနှင့် နေအိမ်များ ရေနစ်မြုပ်ခြင်းမှသည် ယဉ်ကျေးမှုအမွေအနှစ်များပျောက်ကွယ်ပျက်စီးမှုများနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုတို့ကြောင့် ကျွန်းနိုင်ငံတစ်ခုလုံး ပျောက်ကွယ်သွားရန် ခြိမ်းခြောက်နေမှုများအထိ ကျယ်ပြန့်စွာ အကျုံးဝင်နေသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဆုံးရှုံးမှုနှင့် ပျက်စီးမှုများသည် ကမ္ဘာကြီး၏ ကာဗွန်လေထုညစ်ညမ်းမှုကို မည်မျှလျှော့ချနိုင်မည်ဆိုသည့် အပေါ်တွင် မူတည်နေပြီး ၂၀၁၈ ခုနှစ်က ပြုလုပ်ခဲ့သည့် သုတေသနစစ်တမ်းတစ်ခုအရ ပြီးခဲ့သော ဆယ်စုနှစ်နှစ်စုအတွင်း ထိခိုက်လွယ်သော နိုင်ငံ ၅၅ နိုင်ငံ၌ ရာသီဥတုနှင့် ဆက်စပ်သော ဆုံးရှုံးမှုစုစုပေါင်း ဒေါ်လာ ၅၂၅ ဘီလီယံခန့်ရှိကြောင်း ခန့်မှန်းထားသည်။ ရာသီဥတုပြောင်းလဲမှုများနှင့် သက်ရောက်မှုများကြောင့် ဆုံးရှုံးနိုင်ခြေအားဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နှစ်လျှင် ဒေါ်လာဘီလီယံ ၂၉၀ မှ ဘီလီယံ ၅၈၀ အထိ ဆုံးရှုံးနိုင်ပြီး ၂၀၅၀ ပြည့်နှစ်အရောက်တွင် အမေရိကန်ဒေါ်လာ ၁ ထရီလီယံမှ ၁ ဒသမ ၈ ထရီလီယံအထိ ဆုံးရှုံးနိုင်ခြေရှိကြောင်း ခန့်မှန်းထားကြသည်။

ယခုလက်ရှိ ကမ္ဘာကြီးသည် အပူချိန် ၁ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် ဝန်းကျင်ပူနွေးနေသည့် ကာလမှာပင် ရာသီဥတုဖောက်ပြန်မှုများကြောင့် ကမ္ဘာ့နိုင်ငံများ၌ ပြင်းထန်သော ဘေးအန္တရာယ်များကို ရင်ဆိုင်နေရသည့်အပြင် စွမ်းအင်၊ စားနပ်ရိက္ခာဈေးနှုန်း အကျပ်အတည်းနှင့် ကြွေးမြီများ ဖောင်းပွနေခြင်းတို့ကိုလည်း တစ်ပြိုင်တည်း ခံစားနေကြရသည်။

ယင်းကဲ့သို့ ရန်ပုံငွေဖန်တီးမှုသည် ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ ယခုနှစ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် စီးပွားရေးဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ခန့် ထိခိုက်နစ်နာခဲ့သည့် ပါကစ္စတန်ကဲ့သို့သော နိုင်ငံများကို ထိရောက်သောအကူအညီများ ရရှိလာနိုင်မည့် အစီအစဉ်ကောင်းတစ်ခုလည်းဖြစ်သည်။ ရန်ပုံငွေ ထူထောင်ခြင်းဖြင့် ကမ္ဘာတစ်ဝန်းရှိ ထိခိုက်လွယ်သူများအတွက် ထူးခြားလေးနက်သည့် အစီအစဉ်တစ်ရပ်ဖြစ်ပြီး ရာသီဥတုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အတားအဆီးများကို စည်းလုံးညီညွတ်မှုဖြင့် စတင်ဖြိုဖျက်နိုင်တော့မည်ဖြစ်ကြောင်း ပါကစ္စတန် ရာသီဥတုဆိုင်ရာ ဝန်ကြီး ရှာရီ ရက်ရှ်မန်းက ပြောကြားသည်။

ဥရောပသမဂ္ဂကလည်း ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို အထူးခံနိုင်ရည်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများဆီသို့ ဦးတည်သွားနိုင်ရေး တောင်းဆိုထားသည်။

ကမ္ဘာကြီးပူနွေးမှုကို ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်အထိ ကန့်သတ်ထားခြင်းသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ကပ်ဘေးများ၏ သက်ရောက်မှုများကို ဆန့်ကျင်ရန် အကာအရံတစ်ခုဖြစ်သော်လည်း လက်ရှိတွင် ကမ္ဘာကြီးသည် ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် ဝန်းကျင်ပူနွေးလာနိုင်မည့် အခြေအနေသို့ ဦးတည်နေကြောင်း သိပ္ပံပညာရှင်များက ဆိုသည်။ ရာသီဥတု ဆွေးနွေးပွဲများတွင် ဆုံးရှုံးမှုနှင့် ပျက်စီးမှုများဆိုင်ရာ ရန်ပုံငွေထူထောင်မှုနှင့်အတူ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်တွင် ကန့်သတ်ထားနိုင်ရေးအတွက် ကတိကဝတ်နှစ်ခုစလုံး လိုအပ်မည်ဖြစ်ကြောင်း ကိုလံဘီယာ သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဆူဆာနာ မူဟာမက်က သတိပေးလိုက်သည်။

ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပြီး ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေး လုံလုံလောက်လောက် မလုပ်ဆောင်ပါက ဤကမ္ဘာမြေပေါ်တွင် လက်ရှိရင်ဆိုင်နေရသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဆင်းရဲဒုက္ခများကို ဖြေရှင်းပေးနိုင်မည့် ငွေကြေးပမာဏမရှိဟု ဥရောပကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဖရန်တင်မာမန်းစ်ကလည်း သတိပေးပြောကြားလိုက်သည်။

ယခုကဲ့သို့ ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဆုံးရှုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများဆိုင်ရာ ရန်ပုံငွေထူထောင်ခြင်းသည် ရာသီဥတုတရားမျှတမှု ပန်းတိုင်သို့ ဦးတည်သည့် ပထမဆုံးအချက်အချာကျသော ခြေလှမ်းတစ်ရပ်ပင် ဖြစ်သည်။

**ကိုးကား – UN climate summit adopts 'loss and damage' fund**

## ဒီရေတောဒေသများ၌ ပေါက်ရောက်သော ဓနိပင်များသည် လူသားတို့အတွက် များစွာအကျိုးပြုပေးနိုင်



မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသနှင့် မြစ်ကမ်းရိုး ဒီရေတောဒေသများ၌ သဘာဝအလျောက် ပေါက်ရောက်လေ့ရှိသည့် ဓနိပင်များမှ ဓနိဖူး၊ ဓနိအရွက်၊ ဓနိအရိုးတံ၊ ဓနိသီး အစရှိသော ဓနိပင်တစ်ပင်လုံးသည် လူသားတို့အတွက်များစွာ အကျိုးပြုပေးလျက်ရှိသည်။

ဓနိပင်များကို များသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းက ဒီရေတောဒေသများနှင့် ပဲခူးမြစ်ကမ်းဘေးတို့တွင် အများဆုံးတွေ့ရှိရပြီး ဓနိပင်မှ ဓနိဖူးသည် ဆောင်းရာသီအကုန်တွင် စတင်ဖူးပြီး နွေရာသီကာလအထိ ပေါ်များစွာ ဖူးပွင့်လေ့ရှိသည်။

အဆိုပါ ဓနိဖူးများကို တစ်လွှာချင်းခွာ၍ ရေသန့်စင်ပြီး အနေတော်လှီးဖြတ်ကာ သဘာဝနေရောင်ခြည်ဖြင့် အခြောက်ခံပြီး ပြုတ်၍သောက်ခြင်းဖြင့်လည်းကောင်း၊ ရေနွေးကြမ်းသောက်သုံးရာတွင် လက်ဖက်ခြောက်အစားထိုး၍ ဓနိဖူးခြောက်များ ခတ်သောက်ခြင်းဖြင့်လည်းကောင်း၊ အသားအရေ ဝင်းပစိုပြည်ခြင်း၊ အရွယ်တင်နုပျိုစေခြင်း၊ ခန္ဓာကိုယ်အတွင်းမှ အပူချိန်လွန်ကဲမှုကို ထိန်းညှိပေးခြင်း၊ သွားနှင့် ခံတွင်းကျန်းမာရေးကို အထောက်အကူပြုခြင်း၊ ဆီးချိုရောဂါ ထိန်းညှိပေးခြင်း၊ ကင်ဆာရောဂါ ကာကွယ်ပေးခြင်း၊ ဖျားနာပြီးခါစလူနာများ သောက်သုံးပါက လျင်မြန်စွာ လန်းဆန်းစေခြင်း စသော အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

ထို့ပြင် ဓနိပင်များမှ အရွက်များကို သပ်ယူ၍ ဓနိပျစ်ထိုးကာ အိမ်အမိုး၊ အိမ်အကာအဖြစ်၊ ဓနိရိုးတံကို အိမ်ထရံနှင့် ကြမ်းခင်းအဖြစ် အသုံးပြုနိုင်ကြောင်းနှင့် များသောအားဖြင့် ဓနိပျစ်များ၊ ဓနိတံများကို အိမ်အမိုး၊ အိမ်အကာ၊ ကြမ်းခင်းများအဖြစ် ကျေးလက်ဒေသများ၌ ယခုတိုင် အသုံးပြုနေကြကြောင်း သိရသည်။

ဓနိသီးများသည်လည်း ထန်းသီးကဲ့သို့ နူးညံ့ပြီး သင့်တင့်စွာစားသုံးနိုင်ကာ ဓနိပင်မှ ဓနိအရည်ကို ကျိုချက်၍ ဓနိအရက်နှင့် ဓနိသကြား ထုတ်လုပ်နိုင်ကြောင်း၊ ဓနိပင်သည် အခြားသီးနှံများကဲ့သို့ မြေဩဇာကျွေးမွေးရခြင်း၊ ပေါင်းမြက်ရှင်းလင်းနုတ်ဖယ်ရခြင်းလုပ်ငန်းများ လုံးဝပြုလုပ်စရာမလိုသော အပင်ဖြစ်ကာ ဒီရေများနှင့် ပါလာသော နုန်းမြေများသည်ဓနိခြံတွင် တင်ကျန်ခဲ့ပြီး သဘာဝမြေဩဇာအဖြစ်နှင့် ဓနိပင်များကို ကြီးထွားစေသောကြောင့် ဓနိပင်မှထွက်သော အစားအစာမှန်သမျှ သဘာဝစစ်စစ်ဖြစ်ပြီး လူသားတို့အတွက် များစွာ အကျိုးပြုနေသော ဒီရေတောပင် ဖြစ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# (၆) ကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန် - သွင်းကုန် ကုန်စည်ပြပွဲများကျင်းပ

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၌ (၆)ကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၆)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန် - သွင်းကုန် ကုန်စည်ပြပွဲများကို တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့ပူးပေါင်း၍ နိုဝင်ဘာ ၁၉ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ ကျင်းပလျက်ရှိသည်။**

အဆိုပါကုန်စည်ပြပွဲနှင့်အတူ တရုတ်နိုင်ငံ၊ တောင်အာရှနှင့် အရှေ့တောင်အာရှနှင့် အခြားကမ္ဘာ့နိုင်ငံများအကြား ဘက်စုံသံခင်းတမန်ခင်းအဖြစ် စီးပွားရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုများနှင့် အချင်းချင်းဆွေးနွေးဖလှယ်ရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် ရည်ရွယ်၍ တရုတ် - တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ တရုတ် - အိန္ဒိယ သမုဒ္ဒရာဒေသဆိုင်ရာဖိုရမ်၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး GMS အုပ်ချုပ်ရေးမှူးများဖိုရမ်၊ တရုတ် - တောင်အာရှ စီးပွားရေးဖိုရမ်၊ တရုတ် - တောင်အာရှနှင့် အရှေ့တောင်အာရှတွေးခေါ်ပညာရှင်ဖိုရမ်၊ တရုတ် - တောင်အာရှ စီးပွားရေးဖိုရမ်၊ အာရှစီးပွားရေးဖိုရမ်၊ ယူနန် - တိုင်ပေ စီးပွားရေးကုန်သွယ်မှုနှင့် ယဉ်ကျေးမှုညီလာခံ၊ အာဆီယံ ပြည်ပတရုတ်လုပ်ငန်းရှင်များညီလာခံ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှု စာရွက်စာတမ်းများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားများလည်း ကျင်းပလျက်ရှိကြောင်း သိရသည်။

ကုန်စည်ပြပွဲကို ယူနန်ပြည်နယ် ကူမင်းမြို့ တီယန်ချီစင်တာတွင် ပြပွဲအကျယ်အဝန်း ၁၃၀,၀၀၀ မီတာကျယ်ဝန်းသောနေရာ၌ ကျင်းပခြင်းဖြစ်ပြီး ပြပွဲခန်းမများတွင် အစိမ်းရောင်စွမ်းအင်၊ ခေတ်မီစိုက်ပျိုးရေးပြခန်းများ၊ ဇီဝဆေးဝါးနှင့် အထွေထွေကျန်းမာရေး၊ အဆင့်မြင့်ကုန်ထုတ်လုပ်ငန်း၊ ဒစ်ဂျစ်တယ် စီးပွားရေးခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုမဏ္ဍပ်များ ပြသလျက်ရှိပြီး စိတ်ပါဝင်စားသူများအနေဖြင့် www.csa-expo.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပြောင်းတန်ချိန် ၅၇၃၉ ဒသမ ၉၁ တန် တရုတ်နိုင်ငံသို့ တင်ပို့နိုင်




ယခုရက်ပိုင်းအတွင်း ပြောင်းရာသီရောက်ရှိလာပြီဖြစ်၍ တရုတ်နိုင်ငံ၏ ဘိန်းအစားထိုးသီးနှံ ပါမစ်ခွင့်ပြုချက်ဖြင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှု များပြားလာလျက်ရှိသည်။ ပြောင်း စတင်တင်ပို့သည့် ၂-၁၁-၂၀၂၂ ရက်မှ ၂၀-၁၁-၂၀၂၂ ရက်အထိ ပြောင်းတန်ချိန် ၅၇၃၉ ဒသမ ၉၁ တန် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့သည့်အပြင် ဆန်ကွဲ၊ Rubber MSR 20၊ RUBBER R.S.S (1)၊ (2) နှင့် (3)၊ ဝဥအစို၊ ဝဥအခြောက်၊ Concentrate Latex 60% DRC (ရော်ဘာကြမ်း)၊ ပန်းသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ ပန်းသစ်တော်သီး၊ စပျစ်သီး၊ တည်သီးအစို၊ တည်သီးအခြောက်၊ တလည်းသီးတို့ကိုလည်း တင်ပို့လျက်ရှိသည်။ ရှေ့လာမည့်ကာလများတွင် ကြံရာသီ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် ကုန်သွယ်မှုပမာဏ တိုးတက်လာမည်ဟု သိရှိရသည်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ သွင်းကုန်တင်သွင်းမှုအနေဖြင့် စားသောက်ကုန်၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းတို့ကို အဓိကတင်သွင်းလျက်ရှိသည်။ ယခုတစ်ပတ်အတွင်း အိမ်ရိုက်သံ၊ သံပိုက်၊ နန်းချော အပင်ပိုးသတ်ဆေးများ၊ မြေဩဇာ၊ စောင်၊ ကြွေပြား၊ စက်ဘီးအပိုပစ္စည်းများ၊ စက်အပိုပစ္စည်းများ၊ ကြက်အူချောင်း၊ စတီးချိုင့်၊ စတီးလင်ပန်း၊ စတီးဇွန်း/ခက်ရင်း၊ စတီးဇလုံ၊ စတီးခွက်၊ ကော်ဇော့များစသည့် လူသုံးကုန်ပစ္စည်းများ၊ ဆေးနှင့်ဆေးဝါးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်နှင့် စက်အပိုပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများကို အများဆုံးတင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိကာလတွင် ချင်းရွှေဟော်မြို့၏ ဒေသပေါက်ဈေးအရ ယွမ်ငွေ ၁ ယွမ်လျှင် ၄၁၅ ကျပ်၊ ၄၂၅ ကျပ် ဝန်းကျင်ဖြစ်ပေါ်လျက်ရှိပြီး ငွေလဲနှုန်းပြောင်းလဲမှုအရ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိကြောင်း သတင်းရရှိသည်။

## မြိတ်မြို့၌ ကကတစ်ငါး လှောင်အိမ်ဖောင်များဖြင့် မွေးမြူလျက်ရှိ

ကကတစ်ငါး(ကပေါင်း)ကို မြိတ်မြို့၌ ရေချိုတွင်လည်းကောင်း၊ ရေငန်တွင် လည်းကောင်း၊ ရေချိုရေငန်အစပ်တွင်လည်းကောင်း စီးပွားဖြစ်မွေးမြူကြပြီး မြေကန်များ၊ မြစ်ချောင်းများနှင့် ပင်လယ်ပြင်တွင် လှောင်အိမ်ဖောင်များဖြင့် မွေးမြူလျက်ရှိသည်။ ကကတစ်ငါး(ကပေါင်း) သားပေါက် ၁၀၀၀၀ ခန့် မွေးမြူလျှင် စုစုပေါင်းကုန်ကျစရိတ်မှာ ၂၉,၄၀၀,၀၀၀ ကျပ် ကုန်ကျမည်ဖြစ်ပြီး ငါးဖော်ချိန်၌ ကက တစ်ငါး (ကပေါင်း)(အရှင်) ၈၀ ရာခိုင်နှုန်းအောင်မြင်ပါက ၅၆,၀၀၀,၀၀၀ ကျပ် ခန့်ရရှိရာ အသားတင် အမြတ်အစွန်းမှာ ၂၆,၆၀၀,၀၀၀ ခန့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ခုနှစ်၌ မြိတ်ဒေသတွင် ကကတစ်ငါး(ကပေါင်း) တစ်ပိဿာလျှင် ၆၀၀၀ ကျပ်မှ ၈၀၀၀ ကျပ်ဈေးအထိရရှိခဲ့ပြီး ယခုနှစ် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စက်သုံးဆီဈေးနှုန်းနှင့် ငါးအစာဈေးနှုန်းများ မြင့်တက်လာသည့်အတွက် မွေးမြူသည့်ကုန်ကျစရိတ်မှာလည်း ယခင်နှစ်ထက် ပိုမိုကုန်ကျခဲ့ပြီး ရောင်းချရသည့်တန်ဖိုးမှာ တစ်ပိဿာ လျှင် ၁၂၀၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်ခန့်အထိ ရရှိခဲ့သည်။ ကကတစ်ငါး (ကပေါင်း)ကို ဒေသတွင်းစားသုံးရန်ရောင်းချပြီး ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများသို့ အအေးခန်းကွန်တိန်နာဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

DOCA(တနင်္သာရီ)

## မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ပဲမျိုးစုံ၊ ဆန်၊ ဆန်ကွဲ၊ ပြောင်း အများဆုံးတင်ပို့

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀-၁၁-၂၀၂၂ ရက်နေ့တွင် လာရောက်လျှောက်ထားမှုများမှ သွင်းကုန်လိုင်စင် လေးစောင် ဝ ဒသမ ၁၀၇ ယွမ်သန်း တန်ဖိုးရှိသည့် လျှပ်စစ်ပစ္စည်း၊ ဖိနပ်မျိုးစုံ၊ စတစ်ကာတက္ကူ၊ စက်ပစ္စည်းများ အပါအဝင်တို့ကို ခွင့်ပြုထုတ်ပေးခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၂၀ ရက်အထိ ပို့ကုန်လိုင်စင်တစ်စောင်နှင့် သွင်းကုန်လိုင်စင် ၃၄၆ စောင် ခွင့်ပြုထုတ်ပေးခဲ့သည်။ အများဆုံးပို့ကုန်ပစ္စည်းများမှာ ပဲမျိုးစုံ၊ ဆန်၊ ဆန်ကွဲ၊ ပြောင်းတို့ဖြစ်ပြီးသွင်းကုန်ပစ္စည်း အများဆုံးမှာ ပန်းသီး၊ ပန်းသစ်တော်သီး၊ လိမ္မော်သီး၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းတို့ ဖြစ်သည်။

မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့သည့် ပို့ကုန်ပစ္စည်းများမှ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် အကောက်ခွန်သက်သာခွင့်အတွက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form E ကို တင်ပို့သူမှ တောင်းခံလာပါက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။ ၂၀-၁၁-၂၀၂၂ ရက်နေ့တွင် Form E ထုတ်ပေးမှုမှာ ၁၄ စောင် ခွင့်ပြုထုတ်ပေးခဲ့ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀ ရက်အထိ Form E အစောင် ၃၆၀ ထုတ်ပေးခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသကုန်သွယ်မှုများအတွက် ငွေပေးချေမှုကို ယွမ်ငွေကြေး၊ ဒေါ်လာငွေကြေးများဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲဆန် တို့ကို ဒေါ်လာငွေကြေးဖြင့် ဆောင်ရွက်ခွင့်ပြုပြီး ဆန်၊ ဆန်ကွဲ၊ အခြား လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ပစ္စည်းဖြစ်သည့် ကဏန်း၊ ငါးရှဉ့်တို့ကို ယွမ်ငွေကြေးဖြင့် ခွင့်ပြုဆောင်ရွက်လျက်ကြောင်း သတင်းရရှိသည်။

## ကျောက်ဆည်ထွက် ဆန်စပါး မန္တလေး၊ မြင်းခြံနှင့် နွားထိုးကြီးမြို့များသို့ တင်ပို့

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် မိုးစပါးကိုလည်း အဓိကထား အများဆုံးစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ပျိုးမှုအနေဖြင့် ယခင် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၁၅၆၇၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခု ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၁၄၃၇၇၉၆ ဧက စိုက်ပျိုးထားပြီး ယခုအချိန်တွင် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ မိုးရွာသွန်းမှုကောင်းသောနှစ်ဖြစ်သောကြောင့် ယခုနှစ်မိုးစပါးများမှာ ယခင်နှစ်ထက် ပိုမိုဖြစ်ထွန်းကြောင်း၊ ရေတင်စရိတ်များလည်း ယခင်နှစ်ကထက် သက်သာကြောင်း၊ အထွက်နှုန်းလည်း ပိုမိုကောင်းမွန်နိုင်ကြောင်း သိရသည်။ စပါးဈေးနှုန်းအနေဖြင့် ယခုအချိန်တွင် ပဒေသာစပါး(အဟောင်း) တင်း ၁၀၀ လျှင် (၁၅၀၀၀၀၀ိ/-)ကျပ်၊ မနောသုခစပါး(အဟောင်း)တင်း ၁၀၀ လျှင် (၁၃၀၀၀၀၀ိ/-) ကျပ်ဖြစ်ပြီး ဆန်ဈေးနှုန်းအနေဖြင့် ပဒေသာဆန်(အဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် (၆၇၀၀၀ိ/-) ကျပ်၊ မနောသုခဆန်(အဟောင်း) ၂၄ ပြည်တစ်အိတ်လျှင် (၄၇၀၀၀ိ/-) ကျပ်ရှိပါသည်။ ဆန်ဈေးကွက်အနေဖြင့် မန္တလေး၊ နွားထိုးကြီးနှင့် မြင်းခြံမြို့များသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် မိုးစပါးမှာ အထွက်နှုန်း ပိုမိုထွက်ရှိနိုင်သောကြောင့် တောင်သူများအတွက် တွက်ခြေကိုက်သည့်နှစ်ဖြစ်ကြောင်း သိရသည်။

DOCA(မန္တလေး)

## မုံရွာ ဇရက်သီးစိမ်း လက်လီလက်ကား ဝယ်ယူမှုများပြား

မုံရွာမြို့တွင် စားဖိုဆောင်သီးနှံဖြစ်သော ဇရက်သီးကို ဒေသတွင်း လက်လီ/လက်ကား ဝယ်ယူရောင်းချသူများဖြင့်သာ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိသည်။ ဇရက်သီးစိမ်းကို မုံရွာမြို့ရှိ ပွဲရုံများမှတစ်ဆင့် ဈေးများ၊ ကုန်စုံဆိုင်များ၊ ကျေးရွာများသို့ လက်လီ/လက်ကား ရောင်းချလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့တွင် စိုက်ပျိုးသော ကျောက်စိမ်း ဇရက်သီးဈေးမှာ ယခုလက်ရှိအချိန်တွင် ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် (၂၀၀၀-၂၂၀၀)ကျပ်နှုန်း၊ လက်လီဈေးမှာ တစ်ပိဿာ လျှင်(၂၄၀၀-၂၆၀၀)ကျပ်နှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ဇရက်သီးစိမ်းကို မုံရွာမြို့နယ်အတွင်းရှိ ညောင်ပင်တဲ၊ ကျောက်ခွက်၊ ဘုမ္မနီး၊ ထနောင်းတော၊ မြေနဲ၊ ဆည်ကြီးတော၊ သစ်ညိုပင်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးပြီး ဇရက်သီးစိမ်းဈေးကောင်း ရရှိနေခြင်းကြောင့် စိုက်ပျိုးတောင်သူများလည်း အကျိုးအမြတ်ဖြစ်ထွန်းကာ အဆင်ပြေနေကြောင်း သတင်းရရှိသည်။

DOCA (စစ်ကိုင်း)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၁၁-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

၀၆:၀၀ "မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်" (မေတ္တသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၉:၁၀ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၀၉:၄၀ "Sports Diary"
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ ကာတာကမ္ဘာ့ဖလားဖွင့်ပွဲ အခမ်းအနားပုံရိပ်များ
၁၂:၃၀ 2022 World Cup Highlight (2)
၁၂:၄၀ တိပိဋကဓရ၊ တိပိဋကကောဝိဒ မဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသုန္ဒရ၏ "ဘဝကိုခြယ်ကာနစ်သွယ်" တရားတော်
၁၃:၄၅ MRTV National News
၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "အတိုးမပေးတဲ့...ဒိုးလေး" (အပိုင်း-၁၃)
၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၃၂)
၁၅:၃၀ ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်များ
၁၅:၄၀ ဝက်ယူဝင့်ကြား ဆီးဂိမ်းဆုတံဆိပ်ရှင်များ
၁၆:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း "ကကြိုးစုံညီ ကွန်းဒိုရာဆီ"
၁၇:၃၅ ဖော်ရွေပျူငှာကြိုနေမှာနောင်ချိုမြို့ကဝနေရှာ (CBT)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၄၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ 2022 World Cup Highlight (2)
၂၁:၀၅ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက် (အပိုင်း-၁၀) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ မောရျှဂ်သုတ်၊ အဋ္ဌနာရာယကင်းပရိတ်တရားတော်

**mitv**

07:01 Evergreen Classic: An Da Yel Kin (Htar)
07:09 Myanmar Big Circular Tray
07:26 Let's Taste Delicious Insects: Barbequed Sago Worm Salad and Bam
07:46 Dough Artist's Dream
08:01 News
08:27 Asia Updates: Princess of the beavers (P-2)
08:46 Kyaikkale pagoda
09:01 Healthy Diet: Balanced Diet
09:07 Kyaikhteeyoe: Bamboo Guns
09:14 Dances of Myanmar: Lisu Traditional Dance
09:19 Karunar Kabar Home for the Aged (Nay Pyi Taw)
09:38 Myanmar Tradition of Lotus Flower
10:01 News
10:27 The Art of Making Paper Toys
10:31 Elephant Catching and Scaring Trip Mile Stone 26

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရေကညွတ်ဟင်း

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ပုစွန်ရှာထွက်ခြင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဓါတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
အလှဖြာဝေကမ္ဘောဇဌာနေ

**"ဝ" (၁၅:၀၀) မှ (၁၇:၀၀) ထိ**
လားရှိုးသို့အလည်တစ်ခေါက်

**ကချင် (၁၇:၀၀) မှ (၁၉:၀၀) ထိ**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁)

**ကယား (၁၉:၀၀) မှ (၂၁:၀၀) ထိ**
သွားကိုက်ပျောက်တဲ့နည်း

**ဝကြောကရင် (၂၁:၀၀) မှ (၂၂:၀၀) ထိ**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**အနောက်ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀) ထိ**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှငေါ်ရန်ဂိုကျွန်း (အပိုင်း-၁)

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၈:၄၅ "Economic Review" (Part-8)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ ကာတာကမ္ဘာ့ဖလား (Highlights)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV Navtional News
၁၅:၄၅ ကာတာကမ္ဘာ့ဖလား (ပွဲကြိုသုံးသပ်ချက်)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်အခါ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "မမှန်သတင်းပေးခြင်း"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၅
၁၁:၀၀ တရားရုံးကဦးဆောင်သည့် စေ့စပ်ပြေငြိမ်းရေးစနစ်
၁၁:၃၀ "အတွေးအမြင်" အပိုင်း-၅

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ ဝါတစ်လီစိမ်းတစ်လှည့်ရယ်နဲ့ နီသွေးကြွယ်ပါတဲ့အင်းခရမ်းချဉ်
၀၇:၂၀ ပြုံးပန်းဝေဖြာတို့တောရွာ
၀၇:၅၀ တောင်သူ့ဘဝသုတကဏ္ဍ
၀၈:၂၅ ကောက်ဦးပေါ်ချိန်မြင်ကွင်းပန်းချီ
၀၉:၂၅ တောင်သူ့အကျိုးကိုရည်သန် စစ်ကိုင်းမြို့၏မြေပဲသီးနှံ
၀၉:၅၀ ခေတ်မီတွေးမြင်နည်းသစ်ထွင် (မှိုနည်းစိုက်တောင်သူတစ်ဦးနှင့် တွေ့ဆုံခြင်း)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ ရင်ခုန်ခံစား ကာတာကမ္ဘာ့ဖလား Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝနေ့တနင်္ဂနွေမှအစ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဘယ်လိုဖျက်ဖျက် မပျက်တဲ့တန်ဆောင်တိုင်"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပေသောင်ရွာလူသတ်မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း ရွှေပညာဒါန ( အခမဲ့ ) သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရွှေပညာဒါန ( အခမဲ့ )ရွှေသင်တန်း အသိပညာပေးသင်တန်း အမှတ်စဉ် ၁ / ၂၀၂၂ ကို ဒီဇင်ဘာ ၁ ရက်တွင် အသင်း ရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ် ၄၂ / ၅၀တွင် သင်ကြားမည်ဖြစ်သည်။

သင်တန်းကာလမှာ ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ နံနက် ၁၀ နာရီအထိဖြစ်သည်။ သင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်း နှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း၊ ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှု ဥပဒေရေးရာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း၊ ရွှေပန်းထိမ်၊ ရွှေအပေါင် ခံခြင်း၊ အသုံးချရွှေသချာ၊ ရွှေဒင်္ဂါး/ငွေဒင်္ဂါး၊ ကျောက်မျက်ပညာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်းတို့ကို ပညာရှင်များက သင်ကြားမည်ဖြစ်သည်။

သင်တန်းတက်ရောက်ခွင့်ပုံစံကို အသင်းရုံးတွင် အခမဲ့တောင်းယူနိုင်ပြီး သင်တန်းသားဦးရေ ကန့်သတ်ထားကာ အသေးစိတ်သိလိုပါက ဖုန်း ၀၉-၄၅၀၀၄၈၂၈၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မျိုးမင်းသူရ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၁၁ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၀၅၇၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၀၅၃၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၄၆ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၄၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၁၅ ကျပ် | ၂၆၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၉၀ ကျပ် | ၂၇၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၇၅ ကျပ် | ၂၂၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၄၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၁၉ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၇ . ၉၇၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၂ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၅၈ . ၅၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၃ . ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၆၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၁၀၀ | ၂၂၀၀ | ၂၀၀၁၃၀၀၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၇၄၈၁၂ | ၁၆၁၂၀၂၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၄၀ | ၃၀၈၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၇၂ | ၁၄၀၄၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၃ | ၈၁၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၇ | ၃၅၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ပွဲကြိုသုံးသပ်ချက်

နိုဝင်ဘာ ၂၂ ရက်မှာ ကမ္ဘာ့ဖလားပွဲစဉ် (၁) မှ ပွဲစဉ်လေးပွဲကို ယှဉ်ပြိုင်ကစားသွားမှာပါ။ အဲ့ဒီပွဲစဉ်တွေထဲမှာ ကမ္ဘာ့ဖလားရဖူးတဲ့ အာဂျင်တီးနား၊ ပြင်သစ်အသင်းတို့ ပါဝင်နေပါတယ်။

**ကမ္ဘာ့ဖလားပွဲစဉ် (၁)**

| ၂၂-၁၁-၂၀၂၂ | အင်္ဂါနေ့ |
|---|---|
| အာဂျင်တီးနား - ဆော်ဒီအာရေဗျ | ည ၄း၃၀ |
| ဒိန်းမတ် - တူနီးရှား | ည ၇း၃၀ |
| မက္ကဆီကို - ပိုလန် | ည ၁၀း၃၀ |
| ပြင်သစ် - ဩစတြေးလျ | နံနက် ၁း၃၀ |

# အာဂျင်တီးနား၊ ပြင်သစ်အသင်းတို့ အဖွင့်ပွဲစဉ်မှာ နိုင်ပွဲရယူသွားနိုင်မလား

လင်းလက်ကြယ်

## အာဂျင်တီးနားနဲ့ ဆော်ဒီအာရေဗျအသင်းအခြေအနေ


မက်ဆီ (၃၅ နှစ်)

အာဂျင်တီးနား (တိုက်စစ်)

၁၆၅ ပွဲကစား၊ ၉၁ ဂိုးသွင်း

အာဂျင်တီးနားအသင်းမှ လီယွန်နယ် မက်ဆီဟာ ယခုနှစ် ကမ္ဘာ့ဖလားကို ငါးကြိမ်မြောက် ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး နောက်ဆုံးနှစ်လည်း ဖြစ်လာနိုင်ပါတယ်။ အာဂျင်တီးနားအသင်းက ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တာကြောင့် မက်ဆီအနေနဲ့ ယခုနှစ်ကမ္ဘာ့ဖလားမှာရော အာဂျင်တီးနားအသင်းကို ဘယ်အတိုင်းအတာအထိ ရောက်ရှိအောင် ပို့ဆောင်သွားမလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းတယ်။

အာဂျင်တီးနားအသင်းက အုပ်စု (စီ) မှာ ဆော်ဒီအာရေဗျ၊ မက္ကဆီကို၊ ပိုလန်စတဲ့ အသင်းတွေနဲ့ တစ်အုပ်စုတည်းကျရောက်နေပါတယ်။ ပြိုင်ဘက်ဆော်ဒီအာရေဗျအသင်းက ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲမှာ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်လာတဲ့အသင်း ဖြစ်ပါတယ်။ ဆော်ဒီအာရေဗျက ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ ၅၁ ရှိသော်ငြား နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းကောင်းမွန်မှု မရှိဘူး။

အာဂျင်တီးနားအသင်းက ကမ္ဘာ့ဖလားဆွတ်ခူးဖို့ ထင်ကြေးပေးခံနေတဲ့အသင်းဖြစ်တဲ့အလျောက် နောက်ဆုံးကစားခဲ့တဲ့ လေးပွဲမှာ ဂိုးပြတ်အနိုင်ယူထားတာကြောင့် ခြေစွမ်းထက်မြက်နေတယ်။ နှစ်သင်းစလုံးအဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းရရှိဖို့ ခြေကုန်ထုတ်လာမှာဖြစ်တာကြောင့်လည်း ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။

## ဒိန်းမတ်နဲ့ တူနီးရှားအသင်းအခြေအနေ


အဲရစ်ဆင် (၃၀ နှစ်)

ဒိန်းမတ် (ကွင်းလယ်)

၁၁၇ ပွဲကစား၊ ၃၉ ဂိုးသွင်း

ဒိန်းမတ်နဲ့ တူနီးရှားအသင်းတို့ နောက်ဆုံးအကြိမ်တွေ့ဆုံခဲ့တုန်းက ဒိန်းမတ်အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားတယ်။

ဒိန်းမတ်အသင်းက ကမ္ဘာ့ဖလား ဥရောပဇုန်မှာ ကစားခဲ့တဲ့ ပထမရှစ်ပွဲမှာ ရှစ်ပွဲစလုံး နိုင်ပွဲရရှိထားပြီး သွင်းဂိုးခွင့်ပြုပေးထားရခြင်း မရှိဘူး။ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ် ခြေစွမ်းအရ တူနီးရှားအသင်းရဲ့ ခြေစွမ်းတိုးတက်လာတယ်လို့ ဆိုသော်ငြား ခံစစ်ကျစ်လျစ်ပြီး အသင်းလိုက်စုဖွဲ့မှုအားကောင်းတဲ့ ဒိန်းမတ်အသင်းကို အနိုင်ရဖို့ မလွယ်ဘူး။

ဒိန်းမတ်အသင်းက နောက်ပွဲစဉ်မှာ လက်ရှိချန်ပီယံပြင်သစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် တူနီးရှားအသင်းကို မဖြစ်မနေနိုင်ပွဲရရှိဖို့လိုအပ်နေပါတယ်။ တူနီးရှားထက် ဒိန်းမတ်အသာရဖွယ်ရှိတယ်။

## မက္ကဆီကိုနဲ့ ပိုလန်အခြေအနေ


လီဝမ်ဒေါ်စကီး (၃၄ နှစ်)

ပိုလန် (တိုက်စစ်)

၁၃၄ ပွဲကစား၊ ၇၆ ဂိုးသွင်း

မက္ကဆီကိုအသင်းမှာရော ပိုလန်အသင်းမှာပါ တောင့်တင်းတဲ့ကစားဟန်နဲ့ ကျစ်လျစ်တဲ့ စုဖွဲ့မှုပိုင်းရှိတာကြောင့် ယခုပွဲစဉ်က ယခင်တွေ့ဆုံမှုတွေကထက် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာပါတယ်။

မက္ကဆီကိုက နောက်ပွဲမှာ အာဂျင်တီးနားနဲ့ ရင်ဆိုင်ရမှာပါ။ နှစ်သင်းကြား နောက်ဆုံးတွေ့ဆုံထားတဲ့ လေးကြိမ်မှာ တစ်ကြိမ်စီ နိုင်ပွဲရထားပြီး နှစ်ကြိမ်သရေကျထားတယ်။ မက္ကဆီကိုအသင်းမှာ အိုချိုအာ၊ ဂျီမီနက်ဇ်လိုဇာနိုတို့လို နာမည်ကြီး ကစားသမားတွေ အများအပြားရှိနေသလို ပိုလန်အသင်းမှာလည်း ဇီလန်စကီး၊ ဇာကော့စကီး၊ မီလစ်၊ လီဝမ်ဒေါ်စကီးတို့လို ကစားကောင်းတွေ ရှိတာကြောင့် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။

## ပြင်သစ်နဲ့ ဩစတြေးလျအသင်းအခြေအနေ


အမ်ဘာတ်ပီ (၂၃ နှစ်)

ပြင်သစ် (တိုက်စစ်)

၅၉ ပွဲကစား၊ ၂၈ ဂိုးသွင်း

လက်ရှိကမ္ဘာ့ဖလားချန်ပီယံ ပြင်သစ်အသင်းအနေနဲ့ ယခုပွဲစဉ်ကို သေချာပေါက် နိုင်ပွဲရရှိဖို့ကြိုးစားလာမှာပါ။

ယခုပွဲစဉ်မတိုင်မီ အသင်းလေ့ကျင့်ရေးကွင်းမှာ ပြင်သစ်ဝါရင့်တိုက်စစ်ကစားသမား ဘင်ဇီမာ ဒဏ်ရာရရှိခဲ့တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကစားခွင့်နဲ့ လွဲချော်တော့မှာ ဖြစ်ပါတယ်။ သို့သော်လည်း တိုက်စစ်မှာ အမ်ဘာတ်ပီ၊ ဂျီရုဒ်၊ ဂရစ်ဇ်မန်းတို့ ရွေးချယ်စရာရှိတာကြောင့် နည်းပြ ဒက်ချမ့်စ် ဩစတြေးလျကို ဘယ်လိုအခင်းအကျင်းနဲ့ ပွဲထွက်လာမလဲဆိုတာ စိတ်ဝင်စားဖို့ ကောင်းတယ်။

ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးနှစ်ကြိမ်မှာ ပြင်သစ်အသင်းက အသာရထားတာကြောင့် ဒီတစ်ကြိမ်မှာ ပြင်သစ်အသင်း ထပ်မံအသာရယူသွားနိုင်မလား။



# လေ့ကျင့်ရေးကွင်းတွင် ရရှိသောဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်တော့မည့် ဘင်ဇီမာ

ပြင်သစ်အသင်းမှ တိုက်စစ်ကစားသမား ကာရင် ဘင်ဇီမာသည် လေ့ကျင့်ရေးကွင်းတွင် ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်တော့မည်ဖြစ်ကြောင်း သိရသည်။

ဘင်ဇီမာသည် ပြီးခဲ့သည့်ရာသီတွင် ရီးရဲမက်ဒရစ်အသင်းကို ချန်ပီယံလိဂ်ဖလားနှင့် လာလီဂါအမှတ်ပေးဖလားတို့ကို ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သည့်အတွက် ယခုနှစ်တွင် ပေးအပ်သည့် ဘလွန်းဒီအောဆုကို ဆွတ်ခူးရရှိထားသူ ဖြစ်သည်။

ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က ဘင်ဇီမာ၏ပေါင်ကြွက်သားဒဏ်ရာကို သံလိုက်ဓာတ်မှန် (mri scan) ဖြင့် အတည်ပြုခဲ့ပြီးနောက် ဒဏ်ရာပြန်လည်သက်သာလာရန် ရက်သတ္တသုံးပတ် အနားယူရမည်ဖြစ်ကြောင်း ပြောသည်။

ထို့ကြောင့် ပြင်သစ်အသင်း၏ ယခုနှစ်ကမ္ဘာ့ဖလားကို ဘင်ဇီမာအပါအဝင် ပေါ့ဂ်ဘာ၊ ကန်တီတို့ လွဲချော်တော့မည် ဖြစ်သည်။ ပြင်သစ်အသင်းသည် ကမ္ဘာ့ဖလားအုပ်စု (ဒီ) ၌ နိုဝင်ဘာ ၂၂ ရက်တွင် ဩစတြေးလျ၊ နိုဝင်ဘာ ၂၆ ရက်တွင် ဒိန်းမတ်နှင့် နိုဝင်ဘာ ၃၀ ရက်တွင် တူနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဟာဇက်၏ ပုံမှန်ခြေစွမ်း မြင်တွေ့ရမည်ဟု ကက်စ်တိဂ်ပြော



တောင်ပံကစားသမား ဟာဇက်အနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၎င်း၏ ပုံမှန်ခြေစွမ်းကို ပြသနိုင်လိမ့်မည်ဖြစ်ကြောင်း ဘယ်လ်ဂျီယံ ခံစစ်ကစားသမား တင်မိုသီကက်စ်တိဂ်က ပြောသည်။

ချယ်ဆီး တောင်ပံကစားသမား ဟောင်းသည် စတန်းဖို့ဒ်ဘရစ်မှ လာလီဂါ နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ပြီးနောက်ပိုင်း ဒဏ်ရာများဖြင့် ရုန်းကန်နေရသူဖြစ်ပြီး ယခုနှစ်ရာသီတွင် ရီးရဲမက်ဒရစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ခြောက်ပွဲသာ ကစားထားနိုင်သေးသည်။

ဟာဇက်သည် ဘယ်လ်ဂျီယံအသင်းအတွက် ၁၂၃ ပွဲ ပါဝင်ကစားထားပြီး ၃၃ ဂိုးသွင်းယူပေးထားသည်။ ၎င်း၏ ဘယ်လ်ဂျီယံအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၃ ရက်တွင် ကနေဒါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

# ကမ္ဘာ့ဖလားကို အာဂျင်တီးနားအသင်း ဆွတ်ခူးမည်ဟု အီတလီနည်းပြ မန်စီနီခန့်မှန်း

အီတလီနည်းပြ မန်စီနီက ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်း ဖလားဆွတ်ခူးနိုင်လိမ့်မည်ဟု ခန့်မှန်းသွားခဲ့သည်။ အာဂျင်တီးနားအသင်းက တောင့်တင်းကျစ်လျစ်သောအသင်းဖြစ်ပြီး တစ်သင်းတည်းရွေးချယ်ရမည်ဆိုပါက အာဂျင်တီးနားအသင်းကို ရွေးချယ်လိုကြောင်း မန်စီနီက ပြောသည်။ အီတလီအသင်းသည် ဇွန်လက ယှဉ်ပြိုင်ကစားခဲ့သော finalissima ပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ထားသည်။

# ချင်းပြည်နယ်သည် အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှအားပေးမြှင့်တင်ဆောင်ရွက်ရန်လို

**ဟားခါး နိုဝင်ဘာ ၂၁**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး စိုးလွင်မိုး၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင့်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၆ ရက်က ဟားခါးမြို့မှ တီးတိန်မြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းခန်းမ၌ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်တွင် ဦးစားပေးဆောင်ရွက်ရမည့် အဓိကလုပ်ငန်းတာဝန် သုံးရပ်ရှိကြောင်း ပထမအချက်သည် အတွေးအခေါ်၊ အယူအဆ၊ ခံယူချက်မှန်ကန်ရန် အရေးကြီးကြောင်း၊ ဒုတိယအချက်အနေဖြင့် ချင်းပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှု အားအနည်းဆုံး ပြည်နယ်ဖြစ်သည့်အတွက် အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရမှ MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ဝဋ္ဋစိုက်ပျိုးရေးအပါအဝင် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရေးမျှော်မှန်းပြီး ဆောင်ရွက်ရန်လိုကြောင်း၊ တတိယအချက်အနေဖြင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ လျင်မြန်စွာ အောင်မြင်မှုရရှိနိုင်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သမဝါယမလုပ်ငန်းများတွင် ပိုမိုဦးစားပေးဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်က ဒေသတည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်နိုင်မည်ဖြစ်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသခံပြည်သူလူထုအပေါ် စိတ်ရင်းစေတနာမှန်ကန်စွာ ပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်းနှင့် လုံခြုံရေးဆိုင်ရာများကို ပြောကြားသည်။

ထို့နောက် တီးတိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက တီးတိန်ခရိုင်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖများကိုယ်စား ဦးကမ်လျန်ထန်က ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ၊ ဌာနဆိုင်ရာရုံးများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေးနှင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးတို့နှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့ကပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် တီးတိန်မြို့မှ ဖလမ်းမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းခန်းမ၌ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# သံတွဲမြို့နယ် ငပလီမြို့ရှိ ငပလီကမ်းခြေဆောင်းဦးပွဲတော် ဖွင့်ပွဲပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီမြို့ ငပလီကမ်းခြေ ဆောင်းဦးပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကမ်းခြေရှိ ပါရာဒိုက်ဟိုတယ်၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ သံတွဲမြို့မှ ယိမ်းအကလုပျိုဖြူများက ရခိုင်ရိုးရာ ယိမ်းအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး တာဝန်ရှိသူများက ငပလီကမ်းခြေဆောင်းဦးပွဲတော် ဖွင့်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖျော်ဖြေရေးအဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ငပလီကမ်းခြေဆောင်းဦးပွဲတော်ဖွင့်ပွဲကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရခိုင်ယဉ်ကျေးမှုအဖွဲ့များ၏ ယိမ်းအကများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

အဆိုပါ ငပလီကမ်းခြေဆောင်းဦးပွဲတော် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စက်ဘီးစီးပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ ဘော်လီဘော ပြိုင်ပွဲများနှင့် သဲပန်းပု အလှပြခြင်းများအား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၁

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

